မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၁၁ ရက်၊ ၂၀၀၅ ခုနှစ်၊ မေ ၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၂)၊ အမှတ် (၂၁၃)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်တွင် ပညာရေးသည် ပဓာနအကျဆုံး ပင်မစွမ်းအားဖြစ်
နိုင်ငံသူနိုင်ငံသားများ ခေတ်မီသိပ္ပံနှင့်နည်းပညာရပ်များကျွမ်းကျင်အောင် လေ့ကျင့်ပျိုးထောင်
ပညာရေးကဏ္ဍ၏ဆောင်ရွက်မှုများ နိုင်ငံတော်ဖွံ့ဖြိုးရေးနှင့် တည်တံ့ခိုင်မြဲရေး အထောက်အပံ့ဖြစ်
အမျိုးသားပညာရည်မြင့်မားရေး အမျိုးသားရေးအသိ၊ အမျိုးသားရေးအမြင်ဖြင့် ကြိုးပမ်းဆောင်ရွက်

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၅ ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး (အဆင့်မြင့်ပညာကဏ္ဍ) နှီးနှောဖလှယ်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ **(သတင်းစဉ်)**

ရန်ကုန် မေ ၃

၂၀၀၅ ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး(အဆင့်မြင့်ပညာကဏ္ဍ) နှီးနှောဖလှယ်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ စိန်ရတုခန်းမဋ္ဌကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါ ၂၀၀၅ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး(အဆင့်မြင့်ပညာကဏ္ဍ)နှီးနှောဖလှယ်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊

စာမျက်နှာ ၈ ကော်လံ ၁ ✳

လူ့စွမ်းအားအရင်းအမြစ်များတိုးမြှင့်မွေးထုတ်

အမျိုးသား ပညာရည် အဆင့်အတန်း နိုင်ငံတကာနှင့် ရင်ပေါင်တန်း တိုးတက်မြင့်မားရေး၊ အရည်အသွေးမြင့်မားသော လူ့စွမ်းအား အရင်းအမြစ်များ တိုးမြှင့် မွေးထုတ်နိုင်ရေးတို့အတွက် ပညာရှင်များက တက်ကြွစွာ ပါဝင်ဆောင်ရွက်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ မေလ ၄ ရက်)

ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးအား နှောင့်ယှက်မှုမှန်သမျှ ဖယ်ရှား ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပန်းတိုင်သို့ အရောက်လှမ်းချီတက်

တပ်မတော်အစိုးရသည် နိုင်ငံတော်၏တာဝန် စတင်ယူသည့်အချိန်မှစ၍ နိုင်ငံတော် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်ပန်းတိုင်နှင့် ဦးတည်ချက်များချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည်။

နိုင်ငံတော်တွင် ဦးထိပ်ပန်ဆင်ရမည့် ဒို့တာဝန်အရေးသုံးပါးကို ချမှတ်ထားပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ဖော်ဆောင်နိုင်ခဲ့သည်။ တစ်ဆက်တည်းတွင် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ခဲ့သည့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်နိုင်ခဲ့သည်။

ယင်းနောက် ဖွံ့ဖြိုးရေးဒေသကြီးများသတ်မှတ်ပြီး နယ်မြေဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ယနေ့ကာလတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ငန်းစဉ်များချမှတ်ပြီး ကျေးလက်ဒေသများအားလုံး ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဖော်ဆောင်ရာတွင် ဒေသအလိုက်၊ ကဏ္ဍအလိုက် ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေး ခံယူချက်ဖြင့် အလေးထားကြိုးပမ်းတည်ဆောက်နေခြင်း ဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မေလ ၂ရက်နေ့က ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၇) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ သြဝါဒစကား မြွက်ကြားခဲ့ပေသည်။

ယင်းသို့ သြဝါဒစကားမြွက်ကြားရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

"အေးချမ်းတည်ငြိမ်ရေးစိတ်ဓာတ်၊ စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ မျှဝေခံစားရေးစိတ်ဓာတ်၊ နိုင်ငံတော်တည်ဆောက်ရေး စိတ်ဓာတ်များမှာ ပြည်ထောင်စုစိတ်ဓာတ်၏ အနှစ်သာရများဖြစ်ကြောင်း၊ ယင်းစိတ်ဓာတ်အရင်းခံဖြင့် နိုင်ငံတော်၏လက်ငင်းလိုအပ်ချက်ဖြစ်သည့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို မနားမနေတည်ဆောက်နေကြောင်း၊ အခြေခံ အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းကြီးမှာ ဖွံ့ဖြိုးမှုအားလုံး၏ ပင်မလိုအပ်ချက် ဖြစ်ကြောင်း"

မိန့်ကြားသွားသည်။

မျက်မှောက်ကာလ နိုင်ငံတော်၏ အဓိကလုပ်ငန်း တာဝန်ကြီးသည် ခေတ်မီနိုင်ငံတော်တည်ဆောက်ရေးပင် ဖြစ်သည်။ ယင်းတာဝန်ကြီးကို နိုင်ငံသားတစ်ဦးချင်းစီ၏ သန္နိဋ္ဌာန်စိတ်ဖြင့် တက်တက်ကြွကြွ ပူးပေါင်းထမ်းဆောင်ကြရမည် ဖြစ်သည်။

ယနေ့ နိုင်ငံတော်တည်ဆောက်ရေး၏ မျှော်မှန်းချက်သည် အေးချမ်းတည်ငြိမ်ရေး၊ စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးပင် ဖြစ်သည်။ ယင်းတည်ဆောက်ရေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် မျိုးဆက်ပေါင်းများစွာတို့၏ သမိုင်းလည်း ဖြစ်သည်။ မျိုးဆက်ပေါင်းများစွာသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကိုခံယူပြီး နိုင်ငံသမိုင်းကို တိုးတက်အောင် တည်ဆောက်ကြရမည် ဖြစ်သည်။

နိုင်ငံသမိုင်း၏ ဖြစ်ပေါ်တိုးတက်မှုကို ကိုလိုနီသြဇာခံအမြင်ကျဉ်းမြောင်းသည့် ပဒေသရာဇ်ဘဉ်မျိုးဖြင့် ဖန်တီးနိုင်မည်မဟုတ်သကဲ့သို့ နိုင်ငံတော်၏ ဖြစ်ပေါ်တိုးတက်မှုသမိုင်းတွင် နယ်ချဲ့လက်ပါးစေများအတွက် အခန်းကဏ္ဍလည်းမရှိပေ။ တိုင်းရင်းသားပြည်သူများကလည်း နယ်ချဲ့လက်ပါးစေများကို မည်သည့်အခါကမျှ ယုံကြည်လက်ခံမှု မရှိသည်ကို နိုင်ငံ၏သမိုင်းကြောင်းတွင် အထင်အရှားတွေ့မြင်နိုင်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်က ဦးတည်ဖော်ဆောင်နေသည့် ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ်ကြီးတွင် အမြင်ကျဉ်းမြောင်းသည့် စွက်ဖက်နှောင့်ယှက်မှုအန္တရာယ်မှန်သမျှကို တွန်းလှန်ဖယ်ရှားပြီး ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တိုင်းရင်းသားပြည်သူအပေါင်းက မိမိတို့ရည်မှန်းထားသည့် ပန်းတိုင်သို့ အရောက်လှမ်းချီတက်သွားကြမည်သာ ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သဃ်္ဃန်းကျွန်းမြို့နယ် မဟာစည်မြဝတီသာသနာ့ရိပ်သာ၌ မြဝတီဆရာတော် ဘဒ္ဒန္တပဏ္ဍာဝံသအား သိက္ခာထပ်၊ ရဟန်းခံ၊ ရှင်ပြုအလှူတော် မင်္ဂလာနှင့် ငွေကျပ်သိန်း ၂၅၀ ကျော် ဆောက်လုပ်လှူဒါန်းသော နှစ်ထပ်ရွှေဒေါင်းယဉ်ယောဂီဆောင် ရေစက်ချ အလှူတော်မင်္ဂလာအခမ်းအနားကို မေ ၁ ရက်က ကျင်းပရာ မြဝတီဆရာတော်က ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်းဒါယကာ ဦးတင်–ဒေါ်ထားခင်(ရွှေဒေါင်းယဉ်ရွှေဆိုင်) သဃ်္ဃန်းကျွန်းဈေးကြီး မိသားစုတို့အား အနုမောဒနာဂုဏ်ပြုလွှာချီးမြှင့်စဉ်။ (၁၅၂)

မြန်မာ–ထိုင်း နယ်ခြားကော်မတီအစည်းအဝေးတက်ရောက်ကြသည့် နှစ်နိုင်ငံကိုယ်စားလှယ်များ ကျိုင်းတုံနှင့် မိုင်းလားတို့၌လေ့လာ

ရန်ကုန် မေ ၃

ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် အမှတ်(၃)စစ်တိုင်းတိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီး ဖိချန်းမိတ်မောင်မန်နီ ဦးဆောင်သော ထိုင်းကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ကျင်းပမည့် (၂၂)ကြိမ်မြောက် မြန်မာ–ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေးသို့ တက်ရောက်ရန် ဧပြီ ၂၉ ရက်က ရန်ကုန်မြို့မှတစ်ဆင့် အထူးလေယာဉ်ဖြင့် ထွက်ခွာလာရာ ကျိုင်းတုံမြို့သို့ မွန်းလွဲ ၁ နာရီခွဲခန့်တွင် ရောက်ရှိကြသည်။

အဆိုပါထိုင်းကိုယ်စားလှယ်အဖွဲ့ဝင်များအား မြန်မာ–ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီဥက္ကဋ္ဌ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် တပ်မတော်အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးမျိုးမြင့်နှင့် စစ်သံမှူး ဗိုလ်မှူးကြီးကိုကိုမောင်တို့က ကျိုင်းတုံလေဆိပ်မှ ကြိုဆိုနှုတ်ဆက်ကြသည်။

မွန်းလွဲ ၂ နာရီခွဲတွင် အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ထိုင်းဘုရင့်တပ်မတော် အမှတ်(၃) စစ်တိုင်း တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီး ဖိချန်းမိတ်မောင်မန်နီ ဦးဆောင်သော ထိုင်းကိုယ်စားလှယ်အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာရာ မိုင်းလားမြို့သို့ ညနေ ၄နာရီ၄၅ မိနစ်ခန့်တွင် ရောက်ရှိကြပြီး ဧည့်သည်တော် နှစ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့ဝင်များအား ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)မှ တိုင်းရင်းသားခေါင်းဆောင် ဦးစိုင်းလင်းနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံ ပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာ–ထိုင်းနှစ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့ဝင်များအား ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄) ရုံးချုပ်ခန်းမ၌ အထူးဒေသ(၄) တိုင်းရင်းသားအဖွဲ့မှ ဦးမင်းအိမ်က မိုင်းလားဒေသဖွံ့ဖြိုးတိုးတက်မှု၊ မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေးဆောင်ရွက်မှုနှင့် ဘိန်းအစားထိုး စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ဝင်များသည် မိုင်းလားမြို့အထွက် နယ်စပ်စုပေါင်းစစ်ဆေးရေးဂိတ်အနီးရှိ မြန်မာ–တရုတ် နယ်ခြားကျောက်တိုင်သို့ သွားရောက်ကြည့်ရှု လေ့လာကြပြီး စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

မိုင်းလားရှုခင်းအလှ ကြည့်ရှု

ထို့နောက် နှစ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဒွေနာဂရ ရွှေစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညို၍ စေတီတော်ရင်ပြင်မှ မိုင်းလားမြို့ ရှုခင်းအလှကို ကြည့်ရှုကြသည်။

ဆက်လက်၍ နှစ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မိုင်းလားမြို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄) ဘိန်းပပျောက်သည့် အထိမ်းအမှတ်ပြတိုက်သို့ သွားရောက် ကြည့်ရှုလေ့လာကြပြီးနောက် ထိုင်းကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ဖိချန်းမိတ်မောင်မန်နီက ပြတိုက်၏ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

တည်ခင်းဧည့်ခံ

ယင်းနောက် မြန်မာ–ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီ အစည်းအဝေးတက်ရောက်ကြသည့် နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ဝင်များအား တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ကျိုင်းတုံဟိုတယ်သစ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဧပြီ ၃၀ ရက် မွန်းလွဲပိုင်းတွင် မြန်မာ–ထိုင်းနှစ်နိုင်ငံ ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ရှိ ကမ္ဘာအေးစေတီတော်သို့ သွားရောက်ဖူးမြော် ကြည်ညိုကြပြီး တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ထိုင်းကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ဖိချန်းမိတ်မောင်မန်နီအား စေတီတော်ပုံတော်ကို ဓမ္မလက်ဆောင်အဖြစ်ပေးအပ်၍ ထိုင်းကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က ဂေါပကအဖွဲ့ထံအလှူငွေများပေးအပ်လှူဒါန်းသည်။

ကြည့်ရှုအားပေး

ညပိုင်းတွင် မြန်မာ–ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီ အစည်းအဝေးတက်ရောက်ကြသည့် နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ဝင်များအား မြန်မာ–ထိုင်း ဒေသဆိုင်ရာ နယ်ခြား ကော်မတီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ပြည်ငြိမ်းအေး ခန်းမဆောင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ၍ နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ဝင်များသည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီးနောက် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၄-၅-၂၀၀၅

(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
- ၄း၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၃၀ ၆။ မျိုးချစ်တပ်မတော်
- ၄း၄၀ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၄း၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅း၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Random Variables and Distribution Function. (ဒုတိယနှစ်–စီးပွားရေး)
- ၅း၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅း၄၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၄။ မိုးလေဝသသတင်း
- ၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၄၀ ၁၆။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၇။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **"ငယ်ချစ်ဦး"** (အပိုင်း–၃၇)
- ၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ ဗီစီဒီကျော်ကြားတေးများ
- ၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၂။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **"ချစ်သူ သူရဲကောင်း"** (အပိုင်း–၅)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပဲခူးမြို့နယ်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန အင်းတကော်စက်မှုနယ်မြေ သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနဖွင့်ပွဲ အခမ်းအနားတွင် သုတေသနနှင့် ဖွံ့ဖြိုးရေးဌာန အဆောက်အအုံ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

အင်းတကော်စက်မှုနယ်မြေ သံရည်ကျိုတိုးချဲ့အလုပ်ရုံနှင့်အလူမီနီယံဝိုင်ယာကြိုးစက်ရုံများဖွင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တက်ရောက်ချီးမြှင့်

ရန်ကုန် မေ ၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၇နာရီတွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့်ထွက်ခွာလာကြရာ ပဲခူးတိုင်း ပဲခူးမြို့နယ်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန အင်းတကော်စက်မှုနယ်မြေသို့ရောက်ရှိပြီး သုတေသနနှင့်ဖွံ့ဖြိုးရေးဌာန သံရည်ကျိုတိုးချဲ့အလုပ်ရုံနှင့် အလူမီနီယံဝိုင်ယာကြိုးထုတ်လုပ်ရေးစက်ရုံများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ တပ်မတော်အရာရှိကြီးများ၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အင်းတကော်စက်မှုနယ်မြေမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ အမှတ်(၂)စက်မှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောလွင်က အင်းတကော် စက်မှုနယ်မြေရှိ စက်ရုံ၊ အလုပ်ရုံများအကြောင်းကို ပဏာမရှင်းလင်းတင်ပြပြီး သံရည်ကျိုစက်ရုံ၊ အလူမီနီယံ ဝိုင်ယာကြိုးစက်ရုံများအပါအဝင် စက်ရုံအလုပ်ရုံများအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ ဝန်ထမ်းအင်အား၊ စက်ရုံအလိုက် ရင်းနှီးမြှုပ်နှံမှုနှင့်ထုတ်လုပ်မှုစွမ်းအား၊ နှစ်အလိုက် တိုးချဲ့ထုတ်လုပ်နိုင်မှုဆောင်ရွက်ပြီး စီမံကိန်းများ၊ ဆောင်ရွက်ဆဲစီမံကိန်းများ၊ တည်ဆောက်ဆဲ စက်ရုံများ အခြေအနေတို့နှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို မှာကြားပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဖွင့်လှစ်ပေး

ယင်းနောက် သုတေသနနှင့် ဖွံ့ဖြိုးရေးဌာန ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်နှင့် မြန်မာ့စက်ရုံနှင့် အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲထွန်းတို့က ဖဲကြိုးဖြတ်၍ သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက စက်ခလုတ်နှိပ်၍ သုတေသနနှင့် ဖွံ့ဖြိုးရေးဌာန၏ ကမ္ပည်းမော်ကွန်းကို ဖွင့်လှစ်ပေးသည်။

ကြည့်ရှုစစ်ဆေး

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် သုတေသနနှင့် ဖွံ့ဖြိုးရေးဌာန အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ သုတေသနနှင့်ဖွံ့ဖြိုးရေးဌာနသည် အင်းတကော်စက်မှုနယ်မြေရှိ စက်ရုံသစ်များမှ ထုတ်လုပ်သည့် ထုတ်ကုန်သစ်များကို စမ်းသပ်စစ်ဆေးခြင်းနှင့် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ တည်ဆောက်ခြင်းဖြစ်သည်။

သံရည်ကျိုတိုးချဲ့စက်ရုံဖွင့်

ဆက်လက်၍ အင်းတကော်စက်မှုနယ်မြေရှိ သံရည်ကျိုတိုးချဲ့အလုပ်ရုံ ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးသိမ်းနှင့် မြန်မာ့စက်ရုံနှင့် အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲထွန်းတို့က ဖဲကြိုးဖြတ်၍ သံရည်ကျိုတိုးချဲ့အလုပ်ရုံကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက စက်ခလုတ်နှိပ်၍ သံရည်ကျိုတိုးချဲ့အလုပ်ရုံဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး၊ ဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် သံရည်ကျိုတိုးချဲ့အလုပ်ရုံ၏ ထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်နှင့် ထုတ်လုပ်ထားသော ပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြသည်။

သံရည်ကျို တိုးချဲ့အလုပ်ရုံ၏ ထုတ်လုပ်နိုင်မည့် အရေအတွက် စက်စွမ်းအားမှာ တစ်နှစ်လျှင် ရိုးရိုးသံတန်၁၅၀၀နှင့် သံမဏိတန် ၅၀၀ စုစုပေါင်း တန်၂၀၀၀ ထုတ်လုပ်နိုင်ကြောင်း သိရှိရသည်။ ထို့ပြင် သဲမို (Sand Mould)များတွင် သုံးရန် တစ်နာရီလျှင် သဲငါးတန်သန့်စင်နိုင်ကြောင်း သိရှိရသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် အင်းတကော်စက်မှုနယ်မြေရှိ အလူမီနီယံ ဝိုင်ယာကြိုး ထုတ်လုပ်ရေးစက်ရုံဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ မြန်မာ့စက်ကိရိယာနှင့်လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းနှင့် Angelique International Limited ၏ General Manager Mr. Pradeep Arya တို့က ဖဲကြိုးဖြတ်၍ အလူမီနီယံ ဝိုင်ယာကြိုးထုတ်လုပ်ရေးစက်ရုံကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက စက်ခလုတ်နှိပ်၍ အလူမီနီယံဝိုင်ယာကြိုး ထုတ်လုပ်ရေးစက်ရုံ ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး၊ ဝန်ကြီးများနှင့်အဖွဲ့ဝင်များသည် အလူမီနီယံ ဝိုင်ယာကြိုး ထုတ်လုပ်မှုစက်ရုံ၌ အလူမီနီယံ ဝိုင်ယာကြိုးဆိုဒ်အမျိုးမျိုး ထုတ်လုပ်နေမှုကိုလည်းကောင်း၊ အလူမီနီယံဝိုင်ယာကြိုးများ ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်တို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ အလူမီနီယံ ဝိုင်ယာကြိုး ထုတ်လုပ်ရေးစက်ရုံ၏ထုတ်လုပ်နိုင်မည့် အရေအတွက် (စက်စွမ်းအား)မှာ တစ်နှစ်လျှင် တန် ၁၆၀၀ ဖြစ်ပြီး ၆ဒသမ ၆ KV ၊၁၁ KVနှင့် ၃၃ KV ဓာတ်အားလိုင်းသုံး အလူမီနီယံ ဝိုင်ယာကြိုးများ၊ ၆၆ KV၊ ၁၃၂ KVနှင့် ၂၃၀ KV ဓာတ်အားလိုင်းသုံး အလူမီနီယံ ဝိုင်ယာကြိုးများ၊ လျှပ်စစ် Tower တိုင်များကို မိုးကြိုးလွှဲနှင့် ထိန်းချုပ်ခြင်းအတွက် Stay Wire များ ထုတ်လုပ်နိုင်ကြောင်း သိရှိရသည်။

ထပ်မံတိုးချဲ့တည်ဆောက်

အမှတ်(၂) စက်မှုဝန်ကြီးဌာနသည် ၁၉၉၈ ခုနှစ်မှ စတင်၍ ပဲခူးတိုင်း ပဲခူးမြို့နယ် အင်းတကော်ကျေးရွာအနီး ရန်ကုန်မှ ပဲခူး ကားလမ်း၏ မြောက်ဘက် တစ်မိုင်အကွာတွင်မြေဧက ၃၇၅ ဧကကို စက်မှုစီမံကိန်းသစ်များ တည်ဆောက်ရန် အင်းတကော်စက်မှုနယ်မြေအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး မော်တော်ယာဉ်၊ ထွန်စက်နှင့် ရေစုပ်စက်များအတွက် ကုန်ပစ္စည်း အမယ်သစ်များဖြစ်သည့် သံဘီးခွေ (Disc Wheel)၊ ရေတိုင်ကီ(Radiator)၊ အင်ဂျင်များအတွက်သတ္တုဘယ်ယာရင် (Metal Bearing)၊ အင်လက်နှင့် အိတ်ဇောဘား(Inlet & Exhaust Valve)၊ မြင်းကောင်ရေ၁၈ကောင် ဒီဇယ်အင်ဂျင်ထုတ်လုပ်ရေးစက်ရုံ၊ သံရည်ကျိုစက်ရုံ၊ ဘောဘယ်ယာရင် (Ball Bearing)စက်ရုံနှင့်အလူမီနီယံ ဝိုင်ယာကြိုး (Acsr-Aluminium Conductor Steel Reinforced) စက်ရုံများ တည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။ ၂၀၀၄ ခုနှစ်တွင် ထပ်မံ၍ လျှပ်စစ်မော်တာစက်ရုံနှင့် မော်တော်ယာဉ်သုံး လျှပ်စစ်ပစ္စည်း စက်ရုံများ ထပ်မံတိုးချဲ့တည်ဆောက်ဆဲဖြစ်သည်။ **(သတင်းစဉ်)**

အမှတ်(၂)စက်မှုဝန်ကြီးဌာန အင်းတကော်စက်မှုနယ်မြေ အလူမီနီယံဝိုင်ယာကြိုးထုတ်လုပ်ရေးစက်ရုံကို ဖွင့်လှစ်အပြီး တွေ့ရစဉ်။

(သတင်းစဉ်)

(၅၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆို မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း

ရန်ကုန် မေ ၃

(၅၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ မွမ်းမံသင်တန်းအမှတ်စဉ် (၅/၂၀၀၅)မှ သင်တန်းသားများ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ သန္ဓေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် ယနေ့နံနက်၆နာရီခွဲတွင် မြောက်ဥက္ကလာပမြို့နယ် အထွေထွေရောဂါကုနှင့်သင်ကြားရေးဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပြီး သွေးလှူဒါန်းကြသည်။ **(အောက်ပုံ)**

သွေးလှူဒါန်း

ယင်းအခမ်းအနားတွင် မီးသတ်တပ်ဖွဲ့ဝင် ၆၅၀ တို့က သန့်ရှင်းရေး ဆောင်ရွက်ကြပြီး မီးသတ်တပ်ဖွဲ့ဝင် ၅၀ တို့က သွေးလှူဒါန်းကြသည်။

အလားတူ ဒဂုံမြို့နယ်ရှိ အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင်(၅၀၀)၌ မီးသတ်တပ်ဖွဲ့ဝင်၂၅၀တို့က သန့်ရှင်းရေး လုပ်အားပေးဆောင်ရွက်ကြသည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင် ၅၀ တို့က သွေးလှူဒါန်းကြသည်။

(သတင်းစဉ်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အာရှစီးပွားရေးကဏ္ဍ ပိုမိုတိုးတက်ရန် အိန္ဒိယနှင့် ဂျပန် နှစ်နိုင်ငံ ကြိုးပမ်းမည်

နယူးဒေလီ မေ ၂

အိန္ဒိယနှင့် ဂျပန်နိုင်ငံတို့သည် အာရှစီးပွားရေးကဏ္ဍပိုမို တိုးတက်ရန် ကြိုးပမ်းဆောင်ရွက်ချက်အဖြစ် အာရှ ခေတ်သစ် ကဏ္ဍသစ် တစ်ရပ်ကို သောကြာနေ့က ဖွင့်လှစ်ခဲ့ကြသည်။

အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် အလည်အပတ်ရောက်ရှိနေသော ဂျပန်ဝန်ကြီးချုပ် ကိုအိဇုမိတို့သည် ပူးတွဲကြေညာချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း၊ နှစ်နိုင်ငံခေါင်းဆောင်များက နှစ်နိုင်ငံစီးပွားရေးနှင့် ကုန်သွယ်ရေး တိုးမြှင့်ဆောင်ရွက်ရန် အစီအမံများ ချမှတ်ဆောင်ရွက်ရေး ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါနှစ်နိုင်ငံသည် အိန္ဒိယနိုင်ငံတွင် ဂျပန်ကုမ္ပဏီများ ရင်းနှီးမြှုပ်နှံမှုကိုအားပေးရန် အထူးကြိုးပမ်းချက်တစ်ရပ် ပြုလုပ်ကြမည်ဖြစ်ကြောင်း ယင်းပူးတွဲကြေညာချက်၌ ဖော်ပြထားသည်။ နှစ်နိုင်ငံအစိုးရသည် အိန္ဒိယတွင် ဂျပန်ပင်လယ်ရပ်ခြားပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းကို ပြန်စရန်မူဝါဒအရ သဘောတူညီထားသည်။ ထို့ပြင် နှစ်နိုင်ငံအကြား သတင်းနှင့်ဆက်သွယ်ရေး နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ရန် လမ်းပြမြေပုံတစ်ရပ်ကို ထားရှိဆောင်ရွက်ရန်လည်း သဘောတူညီခဲ့ကြသည်။ ဂျပန်အစိုးရသည် ၂၀၀၇ခုနှစ်တွင် အိန္ဒိယစက်မှုကွန်ဖက်ဒရေးရှင်းဖွဲ့စည်းပြီးနောက် အိန္ဒိယနိုင်ငံ၏ နိုင်ငံတကာအင်ဂျင်နီယာနှင့် စက်မှုဆိုင်ရာလုပ်ငန်းများအတွက် သင့်လျော်သော ထောက်ပံ့မှုများကို ပေးသွားရန်လည်း စီစဉ်ထားကြောင်း သိရသည်။

အမ်အင်အေ၊ ပီတီအိုင်

ဂျပန်နိုင်ငံ တိုကျိုမြို့၌ကျင်းပသည့် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်) နှစ်(၅၀)မြောက် အခမ်းအနားတွင် ကလေးငယ်များက ယူနီဆက် အထိမ်းအမှတ်တံဆိပ် စာတန်းများ ကိုင်ဆောင်ပြီး ပါဝင်ဆင်နွှဲနေကြသည်ကို မေ ၁ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

လုံခြုံရေးကောင်စီဝင်သစ်များအတွက် ဗီတိုအာဏာမရနိုင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်ပြောကြား

နယူးဒေလီ မေ ၂

ကုလသမဂ္ဂလုံခြုံရေးကောင်စီ တိုးချဲ့ရာတွင် ပါဝင်လာမည့် အမြဲတမ်းအဖွဲ့ဝင်သစ်များအတွက် ဗီတိုအာဏာရရှိနိုင်မည်မဟုတ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က နယူးဒေလီ၌ ဧပြီ ၂၈ရက် ကြာသပတေးနေ့က ပြောကြားခဲ့သည်။

လက်ရှိအမြဲတမ်းအဖွဲ့ဝင်များဖြစ်ကြသည့် အမေရိကန်ပြည်ထောင်စု၊ ရုရှား၊ တရုတ်၊ ပြင်သစ်နှင့် ဗြိတိန်နိုင်ငံတို့သည် ၎င်းတို့၏ ဗီတိုအာဏာကို စွန့်လွှတ်ရန်ဆိုသည်မှာ လက်တွေ့နှင့် မအပ်စပ်သော စိတ်ကူးယဉ်ဆန်မှုသာဖြစ်မည်ဟု ကိုဖီအာနန်က ဖော်ပြပြောဆိုသည်။

သြဇာအရှိန်အဝါကြီးမားသော ကော်မတီတစ်ရပ်က တင်ပြခဲ့သည့် အဆိုပြုကမ်းလှမ်းချက်များတွင် လုံခြုံရေးကောင်စီဝင်သစ်များအတွက် ဗီတိုအာဏာ အသုံးပြုခွင့်ပေးလိုခြင်းမရှိသည်ကို ဖော်ပြထားကြောင်း ကိုဖီအာနန်က ပြောကြားသည်။ ယင်းအဆိုပြုချက်များသည် လုံခြုံရေးကောင်စီ ပိုပြီးဒီမိုကရေစီကျစေရန်ရည်ရွယ်ခဲ့ကြောင်း အိန္ဒိယနိုင်ငံမှ မထွက်ခွာမီပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ကိုဖီအာနန်က ပြောကြားသည်။ ကိုဖီအာနန်သည် အိန္ဒိယနိုင်ငံသို့ လေးရက်ကြာခရီး ရောက်ရှိခဲ့ရာ ဧပြီ၂၈ရက် ကြာသပတေးနေ့ နေ့လယ်ပိုင်း၌ ပြီးဆုံးခဲ့သည်။

ထောက်ခံ

လုံခြုံရေးကောင်စီတွင် အိန္ဒိယနိုင်ငံ အမြဲတမ်းတစ်နေရာ ရရှိရေးနှင့်စပ်လျဉ်း၍ ကိုဖီအာနန်က နိုင်ငံအများအပြားသည် အိန္ဒိယကို ထောက်ခံကြသည်ကို သိထားခဲ့ကြောင်း၊ ထိုသို့ဆိုသော်လည်း မိမိအနေဖြင့် ထင်မြင်ချက်မပေးနိုင်ကြောင်းပြောကြားသည်။

သို့ရာတွင် ၂၀၀၅ခုနှစ်သည် ကုလသမဂ္ဂ ပြုပြင်ဖွဲ့စည်းမှုနှင့် လုံခြုံရေးကောင်စီ တိုးချဲ့မှုကိစ္စနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချသည့်နှစ်ဖြစ်မည်ဟု ကိုဖီအာနန်က မျှော်လင့်ထားသည်။

အမ်အင်အေ၊ဆင်ဟွာ

အာဖရိက အရှေ့ပိုင်းနှင့် တောင်ပိုင်းနိုင်ငံများ အီးယူဈေးကွက်သို့ အပြည့်အဝဝင်ရောက်ခွင့် တောင်းဆိုကြမည်

ဟာရာရေး မေ ၂

စိုက်ပျိုးရေးဆိုင်ရာ စီးပွားရေးပေါင်းဖော်ဖက် သဘောတူချက်(အီးပီအေ) ဈေးစပ်ဆွေးနွေးမှုများအတွက် ဟာရာရေးတွင် အစည်းအဝေး ပြုလုပ်ခဲ့ကြသော အာဖရိကအရှေ့ပိုင်းနှင့် တောင်ပိုင်းနိုင်ငံများ(အီးအက်စ်အေ)က ဥရောပသမဂ္ဂအတွင်းသို့ အီးအက်စ်အေနိုင်ငံများအားလုံးအတွက် ဈေးကွက်ဝင်ရောက်ခွင့် ရာခိုင်နှုန်းပြည့်ရရှိရေး တောင်းဆိုကြရန် သဘောတူထားကြသည်။

လက်ရှိအနေအထားတွင် ဖွံ့ဖြိုးမှုအနိမ့်ဆုံးနိုင်ငံများသည် လက်နက်မှအပ ထုတ်ကုန်များအားလုံးအတွက် အီးယူအတွင်းသို့ ဈေးကွက်ဝင်ရောက်ခွင့် ရာခိုင်နှုန်းပြည့် ရရှိထားကြသည်။

အခွန်ကင်းလွတ်သည့်စနစ်သည် ဖွံ့ဖြိုးဆဲနိုင်ငံများအား အီးယူအခွန်ကင်းလွတ်မှုသို့ ထုတ်ကုန်များ တင်ပို့ခွင့်မပြုခဲ့ကြောင်း အာဖရိကအရှေ့နှင့် တောင်ပိုင်းဆိုင်ရာ ဘုံဈေးကွက်(ကိုမီဆာ)က ဧပြီ၂၉ရက်၌ ပြောကြားခဲ့သည်။

ရပ်တည်နိုင်မည်

အာဖရိက၊ ကာရစ်ဘီယံနှင့် ပစိဖိတ်(အေစီပီ)နိုင်ငံများနှင့် အီးယူ၏ ကုန်သွယ်ရေးသဘောတူချက်များသည် ခွဲခြားဆက်ဆံမှုများ ဖြစ်ကြသည်ဟု ကိုမီဆာ ကုန်သွယ်ရေးနှင့် ပေါင်းစည်းမှုအကြံပေးပုဂ္ဂိုလ် မွမ်ဆာမူဆွန်ဒါက ပြောကြားသည်။ မိမိတို့အနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများသည် ဖွံ့ဖြိုးမှုအနိမ့်ဆုံးနိုင်ငံများရရှိသည့် တူညီသော အကျိုးကျေးဇူးများ ရစေလိုကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများသည် အီးယူအတွင်းသို့ ဈေးကွက်ဝင်ရောက်ခွင့် ရာနှုန်းပြည့်ရရှိမည်ဖြစ်ကြောင်း၊ သို့မှသာ ဖွံ့ဖြိုးဆဲနိုင်ငံများသည် ကျန်အေစီပီနိုင်ငံများနှင့် ညီမျှစွာ ရပ်တည်နိုင်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ဧပြီ၂၉ရက် သောကြာနေ့က ပြီးဆုံးခဲ့သည့် အဆိုပါနှစ်ရက်ကြာ အစည်းအဝေးသို့ ဘူရွန်ဒီ၊ ကိုမိုရို၊ ဂျီဘူတီ၊ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ အီရီထရီယာ၊ကင်ညာ၊မာဒါဂါစကာ၊မာလာဝီ၊မောရစ်သျှ၊ဆေးရှဲ၊ ဆူဒန်၊ ယူဂန္ဒာ၊ ဇမ်ဘီယာနှင့်ဇင်ဘာဘွေနိုင်ငံတို့ တက်ရောက်ခဲ့ကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဇမ်ဘီယာတွင် အဆုတ်ရောဂါကာကွယ်ရေးလုပ်ငန်းများဆောင်ရွက် လွန်ခဲ့သည့်ငါးနှစ်အတွင်း အောင်မြင်မှုများ တိုးတက်ရရှိခဲ့

လူဆာကာ မေ ၂

ဇမ်ဘီယာနိုင်ငံတွင် အဆုတ်ရောဂါတိုက်ဖျက်ရေး စီမံကိန်းများဖြင့် ဆောင်ရွက်လျက်ရှိရာ ပြီးခဲ့သည့်ငါးနှစ်အတွင်း အောင်မြင်မှုများ တိုးတက်ရရှိခဲ့ကြောင်း ဇမ်ဘီယာနိုင်ငံ အစိုးရအရာရှိကြီးတစ်ဦးက လူဆာကာမြို့တွင် သောကြာနေ့က ပြောကြားသည်။

ဇမ်ဘီယာနိုင်ငံတွင် ပြီးခဲ့သည့် နှစ်အနည်းငယ်က တစ်မျိုးသားလုံး အဆုတ်ရောဂါတိုက်ဖျက်ရေး စီမံကိန်းတွင် အောင်မြင်မှုများ ရရှိခဲ့သော်လည်း အနာဂတ်ကာလတွင် စွမ်းအားပြည့် တိုက်ဖျက်သွားရန် လိုအပ်နေဆဲဖြစ်ကြောင်း ဇမ်ဘီယာနိုင်ငံ ကျန်းမာရေးဝန်ကြီး ဘရန်ချီတူဝိုက ပြောကြားသည်။

ဆေးကုသမှုမှတ်တမ်းများအရ အဆုတ်ရောဂါတိုက်ဖျက်ရေး လုပ်ငန်းများတွင် ၂၀၀၀ပြည့်နှစ်က ဝေဒနာရှင် ၅၀ရာခိုင်နှုန်းကိုသာ ကုသပေးနိုင်ခဲ့ပြီး ယခုအခါ ဝေဒနာရှင် ၇၃ရာခိုင်နှုန်းအထိ ကုသပေးနိုင်ခဲ့ကြောင်း၊ ကုသပေးနိုင်သည့်နှုန်း တိုးတက်လာသည်နှင့်အမျှ ပျောက်ကင်းမှုနှုန်းမှာလည်း တိုးတက်လာခဲ့သည်။

ဖော်ပြထား

၂၀၀၀ပြည့်နှစ်က ၄၈ရာခိုင်နှုန်းသာကုသ ပျောက်ကင်းခဲ့ပြီး ယခုအခါ ၈၂ရာခိုင်နှုန်းအထိ တိုးတက်ပျောက်ကင်းခဲ့ကြောင်း ဇမ်ဘီယာနိုင်ငံတွင် ယင်းကာလ၌ရရှိခဲ့သည့် အနေအထားသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)က သတ်မှတ်ထားသည့် ၇၀ရာခိုင်နှုန်းထက် ကောင်းမွန်ခဲ့ကြောင်း ဇမ်ဘီယာနိုင်ငံ ကျန်းမာရေးဌာနမှ ထုတ်ပြန်သော အစီရင်ခံစာတစ်စောင်၌ ဖော်ပြထားသည်။

တိုးတက်

အဆိုပါ အဆုတ်ရောဂါ ကာကွယ်တိုက်ဖျက်ရေးဆိုင်ရာ အနေအထားမှာ ဇမ်ဘီယာနိုင်ငံ၌ အဆုတ်ရောဂါ ကာကွယ်နိုင်မှု တိုးတက်သည့်အခြေအနေကို ပြသနေခြင်းဖြစ်ကြောင်း ဇမ်ဘီယာ ကျန်းမာရေးဝန်ကြီး ဘရန်ချီတူဝိုက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ် အိမ်နီးချင်းနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများဆွေးနွေး အီရတ်လုံခြုံရေးအတွက် ဦးစားပေးဆွေးနွေးဆောင်ရွက်ခြင်းဖြစ်

အန်ကာရာ မေ ၂

တူရကီဝန်ကြီးချုပ် ရီစပ်တေရစ်အီဒိုဂန်က အီရတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် တွေ့ဆုံဆွေးနွေးမှုပြုလုပ်ခြင်းသည် အီရတ်နိုင်ငံ၏ လုံခြုံရေးနှင့်ပတ်သက်ပြီး ဦးစားပေး ဆွေးနွေးဆောင်ရွက်ခြင်းဖြစ်ကြောင်း စနေနေ့က ပြောကြားလိုက်သည်။

မှတ်ချက်ပြု

အီရတ်နိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တူရကီ၊ ဂျော်ဒန်၊ ဆီးရီးယား၊ ကူဝိတ်၊ အီရန်၊ ဆော်ဒီအာရေဗျနှင့် အီဂျစ်နိုင်ငံတို့မှ အိမ်နီးချင်းရှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ အစ္စတန်ဘူလ်မြို့တွင် ပြုလုပ်သည့် တွေ့ဆုံဆွေးနွေးပွဲတွင် တူရကီဝန်ကြီးချုပ်က အထက်ပါအတိုင်း မှတ်ချက်ပြု ပြောကြားခဲ့ခြင်းဖြစ်သည်။

သတင်းထုတ်ပြန်

အီရတ်နိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်မည်ဟု မိမိတို့မျှော်လင့်ထားကြောင်း တူရကီဝန်ကြီးချုပ်အီဒိုဂန်က ပြောကြားသည်ဟု အနာတိုလီရာ သတင်းဌာနက သတင်းထုတ်ပြန်သည်။

အီရတ်နိုင်ငံ၏ အမျိုးသားစုစည်းညီညွတ်ရေး၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးတို့သည် အီရတ်ပြည်သူများအပါအဝင် ကမ္ဘာ့အစိတ်အပိုင်းတစ်ခုအတွက် အကျုံးဝင်ပတ်သက်နေကြောင်း တူရကီဝန်ကြီးချုပ်က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ပေါက်ကွဲ

ဘဂ္ဂဒက်မြို့ ကာရာဒတ်အရပ်တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် မီးခိုးလုံးများ တက်နေသည်ကို မေ ၁ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အမှာစကားပြောကြား

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၅)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

● ***ကျောက်ဖုံးမှ***

ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီး ဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းကြီးသည် ယခုဆိုလျှင် သက်တမ်း ၁၄ နှစ်တင်းတင်း ပြည့်မြောက်ပြီး၁၅နှစ်အတွင်းသို့ ချဉ်းနင်းဝင်ရောက်တော့မှာ ဖြစ်ကြောင်း၊ ဖြတ်သန်းခဲ့ရသည့် ကာလတစ်လျှောက်လုံးတွင် နိုင်ငံတစ်ဝန်းလုံးရှိ မိခင်များ၊ ကလေးများနှင့် မိသားစုဝင်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်အသွယ်သွယ်ကို နိုင်ငံတော်၏ ဦးဆောင်မှု၊ ဌာနဆိုင်ရာများ၏ တာဝန်ခံ ဆောင်ရွက်ပေးမှုအပေါ်တွင် စနစ်တကျ ပံ့ပိုးကူညီပေးသည့် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းကြီးတစ်ရပ်အဖြစ် သိက္ခာရှိရှိ ရပ်တည် ဆောင်ရွက်နိုင်သည်ကိုလည်း တွေ့ရှိရကြောင်း။

အောင်မြင်ဖြစ်ထွန်းနေ

မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်းကြီးသည် ယနေ့ဆိုလျှင် အသင်းဝင်အင်အား ၄ဒသမ၃၈သန်းကျော် စည်းရုံးစုစည်းထားနိုင်သည့်အပြင် ပြည်သူလူထုအခြေပြုဒေသများဖြစ်သော ရပ်ကွက်၊ ကျေးရွာ၊ တပ်ရင်း တပ်ဖွဲ့၊ စက်ရုံ အလုပ်ရုံများအထိ ကွန်ရက်သဖွယ် ဖြန့်ကြက်ပြီး အသင်းပေါင်း ၃၂၄ သင်း၊ အသင်းခွဲပေါင်း ၁၅၁၇၂ သင်းအထိ ဖွဲ့စည်းပေးနိုင်ခဲ့သည်ကိုလည်း တွေ့ရကြောင်း။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကြီးအနေနှင့်လည်း ပညာရေးဆိုင်ရာ စောင့်ရှောက်ရေးအဖွဲ့၊ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်ရေးအဖွဲ့၊ စီးပွားရေး ဆိုင်ရာစောင့်ရှောက်ရေးအဖွဲ့နှင့် လူမှုရေးဆိုင်ရာ စောင့်ရှောက်ရေးအဖွဲ့ ဆိုသည့် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းပြီး မိခင်နှင့် ကလေးများ၏ ကျန်းမာကြံ့ခိုင်ရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ မိသားစုဘဝ လုံခြုံရေး စသည့် လူမှုရေး ဘက်စုံဖွံ့ဖြိုးရေး လုပ်ငန်းများကို ထိထိရောက်ရောက် ဖြန့်ကြက်ဆောင်ရွက် အောင်မြင် ဖြစ်ထွန်းနေသည်ကို တွေ့ရကြောင်း။

တိုးတက်အောင်မြင်

ထို့ပြင် အသင်းကြီး၏ ပင်မတာဝန်များဖြစ်သည့် မိခင်နှင့် ကလေး စောင့်ရှောက်ရေး လုပ်ငန်းများကို သာမက ကလေးသူငယ်များ၊ လူငယ် လူရွယ်များ၊ သက်ကြီးရွယ်အိုများ စသည့် လူမှုရေးအုပ်စုအလိုက် လိုအပ်သည့် လူမှုရေး ပြုစုစောင့်ရှောက်မှု လုပ်ငန်းများအပြင် နိုင်ငံတော်က အလေးထား ဆောင်ရွက်နေသော ပြည်သူ့ကျန်းမာရေး၊ အမျိုးသမီးများဘဝ တိုးတက်မြင့်မားရေး၊ မိသားစုဝင်ငွေတိုးရေးနှင့် မိသားစုဘဝလုံခြုံရေး လုပ်ငန်းများကိုပါ တိုးချဲ့ဆောင်ရွက်ပြီး လုပ်ငန်းများလည်း တိုးတက် အောင်မြင်နေသည်ကို တွေ့ရကြောင်း။

ထိရောက်စွာ

ထို့ကြောင့် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းကြီး အနေနှင့် မိခင်နှင့် ကလေးများကို ဗဟိုပြုပြီး မိသားစုကို အခြေခံသည့် လူမှုရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများ ကတစ်ဆင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက် ရောက်အောင် အောင်အောင်မြင်မြင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း။

ညင်သာစွာကူးပြောင်း

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို ထိထိရောက်ရောက်မြှင့်တင်ပေးနိုင်စေမည့် ကုန်ထုတ်လုပ်မှုကဏ္ဍ၊ စီးပွားကုန်သွယ်မှုကဏ္ဍ၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍများ တိုးတက်ဖြစ်ထွန်းစေရအောင် ဖိဖိစီးစီးကြိုးပမ်းဆောင်ရွက်ရင်း နိုင်ငံတော်ကြီးကို တည်ငြိမ်အေးချမ်းခိုင်မာသည့် ဒီမိုကရေစီနိုင်ငံကြီးအဖြစ် ညင်သာစွာကူးပြောင်းနိုင်စေရေးအတွက် နိုင်ငံတော်အစိုးရကကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် သိမ်မွေ့ညင်သာစွာ ကူးပြောင်းနိုင်စေရေးအတွက် ချမှတ်ထားသည့် လုပ်ငန်းစဉ်(၇)ဆင့်မှ အရေးအကြီးဆုံးနှင့် ပဓာနအကျဆုံးဖြစ်သော အမျိုးသားရေးအတွက် အားပေးထောက်ကူနိုင်စေရအောင် အောင်မြင်ထိရောက်စွာ ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်ကို ဂုဏ်ယူစွာ အသိအမှတ်ပြုပါကြောင်း။

နိုင်ငံတော်အစိုးရက အကောင်အထည်ဖော် ဆောင်ရွက်နေသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့်အညီ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးဘဝတိုးတက်မြင့်မားစေရေး အစီအမံများကိုလည်း မိမိတို့အသင်းကြီး၏ လူမှုရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပေါင်းစပ်ပြီး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြပါဟု တစ်ဆက်တည်း မှာကြားလိုကြောင်း။

ပြည်သူများအကြားက ပေါက်ဖွားလာသည့် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအပါအဝင် လူမှုရေးအသင်းအဖွဲ့များ၏ နှီးကြားတက်ကြွသော ပါဝင်ပူးပေါင်း ဆောင်ရွက်မှုများကြောင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဘက်စုံ ကဏ္ဍစုံမှာ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့် ယနေ့ အခြေအနေညီလာခံကြီးကိုလည်း အောင်အောင်မြင်မြင် ကျင်းပနိုင်လျက်ရှိကြောင်း။

တစ်ဆက်တည်းမှာပင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးအတွက် အခြေခံလိုအပ်ချက်များဖြစ်သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများ၊ အမျိုးသားရေးဦးတည်ချက်များနှင့်အညီ ခိုင်ခိုင်မာမာ ဖြစ်ထွန်းနေစေရအောင် ပြည်သူများအားလုံးနှင့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအပါအဝင် လူမှုရေးအသင်းအဖွဲ့များအားလုံးက မိမိတို့အပိုင်းကဏ္ဍအလိုက် ပါဝင်စွမ်းဆောင်ကြရမည့် လုပ်ငန်းတာဝန်အသီးသီးကို ကျေကျေပွန်ပွန် အောင်အောင်မြင်မြင် ကြိုးပမ်းဆောင်ရွက်ပေးကြပါဟု မေတ္တာရပ်ခံလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းကြီးအနေနှင့် အသင်းကြီး၏ ပင်မတာဝန်များနှင့်အညီ မိခင်နှင့် ကလေးများအပါအဝင် မိသားစုများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး၊ မိသားစုဘဝ လုံခြုံအေးချမ်းပြီး အဆင့်အတန်း တိုးတက်မြင့်မားစေရေးတို့အတွက် တက်ညီလက်ညီ ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြပါဟု ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှု

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် အစည်းအဝေးခန်းမ၌ ခင်းကျင်းပြသထားသော မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)၏ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ ပြည်နယ်နှင့်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ လှုပ်ရှားမှုဓာတ်ပုံများ၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းက ထုတ်ဝေသော ကျန်းမာရေး ပညာပေးစာစောင်များ၊ ဗီဒီယိုခွေများနှင့် မဂ္ဂဇင်းများကို ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

ကြည့်ရှုအားပေး

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် အဖွဲ့ဝင်များ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၅)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးတွင် ပြသထားသည့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၄-၅-၂၀၀၅(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၁၀ ၆။ အရေးပြိုင်ပွဲ
၈း၂၀ ၇။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) နမ့်မွေတံတား
၈း၃၀ ၈။ International News
၈း၄၅ ၉။ Let's Go
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ Demonstration Exercises for Correct Pronunciation
၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သတ္တဗေဒ၊ ရုက္ခဗေဒ အထူးပြုများ) [ရုက္ခဗေဒ]
၁၇း၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇း၃၀ ၇။ သီချင်းကြီးပဒေသာ
၁၇း၄၅ ၈။ မြန်မာစာ မြန်မာစကား
၁၈း၀၀ ၉။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၈း၁၀ ၁၀။ Discovery
၁၈း၁၅ ၁၁။ မူဟန်သွယ်သွယ် ဆိုကြမယ်
၁၈း၃၀ ၁၂။ ညနေခင်းသတင်း
၁၉း၀၀ ၁၃။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၄။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
၁၉း၂၀ ၁၅။ တေးဂီတအစီအစဉ်
၁၉း၃၅ ၁၆။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ပိုစတာ၊ ကာတွန်း၊ ဓာတ်ပုံပြိုင်ပွဲအကြောင်း သိကောင်းစရာ
၁၉း၄၅ ၁၇။ စီမံအုပ်ချုပ်မှု ဒီပလိုမာသင်တန်း နှစ်(၅၀)ပြည့်ရွှေရတု အထိမ်းအမှတ်
၂၀း၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ **“ဘာပဲဖြစ်ဖြစ် သတိရပါ”** ဒွေး၊ သားညီ၊ မြတ်ကေသီအောင်၊ အိန္ဒြာကျော်ဇင် [ဒါရိုက်တာ-ကိုဇော်(အရဏ်ဦး)]
၂၂။ နောက်တစ်နေ့အစီအစဉ်

မိုးထစ်ချုန်းဖွယ်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(၁၅)ကြိမ်မြောက်စည်းဝေး အသင်းဥက္ကဋ္ဌဒေါ်ခင်ခင်ဝင်းတက်ရောက်အဖွင့်အမှာစကားပြောကြား

ရန်ကုန် မေ ၃

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(၁၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၁၅) ကြိမ်မြောက် နှစ်ပတ်လည်အစည်း အဝေးတွင် သဘာပတိအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အစည်းအဝေးသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဗဟိုကောင်စီဝင်များ၊ ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး(၁)ဒေါက်တာဒေါ်နုအေးခင်ကဆောင်ရွက်သည်။

ရှေးဦးစွာ အစည်းအဝေးသဘာပတိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်ခင်ခင်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အသင်းအတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာက အသင်း၏ ၂၀၀၄ ခုနှစ် လုပ်ငန်းအစီရင်ခံစာကိုလည်းကောင်း၊ အကျိုးဆောင် စာရင်းစစ်ဒေါ်သင်းသင်းက ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်၏ စာရင်းစစ်အစီရင်ခံစာကို လည်းကောင်း၊ ဘဏ္ဍာရေးမှူး ဒေါ်ခင်သန်းဝင်းက ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ် ငွေစာရင်းရှင်းတမ်းနှင့် ၂၀၀၅-၂၀၀၆ ခု ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေ စာရင်းကိုလည်းကောင်း ဖတ်ကြားတင်သွင်းကြပြီး အတည်ပြုချက်ရယူကြသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း(၁၅)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးတွင် အသင်း အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာက ၂၀၀၄ ခုနှစ် လုပ်ငန်းအစီရင်ခံစာကို ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း(၁၅)ကြိမ် မြောက် နှစ်ပတ်လည် အစည်း အဝေးတွင်အခမ်း အနားမှူးအဖြစ် အသင်းတွဲဖက် အတွင်းရေးမှူး(၁) ဒေါက်တာဒေါ်နု အေးခင် ဆောင် ရွက်စဉ်။ (သတင်းစဉ်)

ဖတ်ကြားတင်ပြ

ယင်းနောက် ပြည်နယ်နှင့်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များ၏ ၂၀၀၄ ခုနှစ် နှစ်ချုပ်အစီရင်ခံစာများကို ဖတ်ကြားတင်ပြကြရာ ကချင်ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကို ဥက္ကဋ္ဌ ဒေါ်တင်တင်နွဲ့က လည်းကောင်း၊ ကယားပြည်နယ် မိခင်နှင့်ကလေး

စာမျက်နှာ ၇ ကော်လံ ၁ သို့

ဘဏ္ဍာရေးမှူး ဒေါ်ခင်သန်းဝင်းက ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ် ငွေစာရင်းရှင်းတမ်းနှင့် ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေ စာရင်းကို ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

ကယားပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်ညိုက ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ကရင်ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ နှစ်ချုပ် အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဒေါ်သီသီဝင်းက ဖတ်ကြား တင်ပြစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်ဇင်မာဦးက ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဒေါ်နန်းကိန်ဖောင်းတစ်က ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(တောင်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်နန်းဆိုင်ဇင်က ဖတ်ကြား တင်ပြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(၁၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးတွင် အသင်းအကျိုးဆောင် စာရင်းစစ် ဒေါ်သင်းသင်းက ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းစဉ်။(သတင်းစဉ်)

ရန်ကုန်တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဒေါ်နွယ်နီအုန်းက ဖတ်ကြား တင်ပြစဉ်။ (သတင်းစဉ်)

တနင်္သာရီတိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဒေါ်စန်းစန်းသီက ဖတ်ကြား တင်ပြစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဒေါ်စန်းစန်းကြည်က ဖတ်ကြား တင်ပြစဉ်။ (သတင်းစဉ်)

ကချင်ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကို ဥက္ကဋ္ဌ ဒေါ်တင်တင်နွဲ့က ဖတ်ကြား တင်ပြစဉ်။ (သတင်းစဉ်)

ချင်းပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါ်မေရီက ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆ မှ

စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကို တွဲဖက် အတွင်းရေးမှူး ဒေါ်ခင်ညိုက လည်းကောင်း၊ ကရင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်သီသီဝင်းက လည်းကောင်း၊ ချင်းပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကို တွဲဖက် အတွင်းရေးမှူး ဒေါ်မေရီက လည်းကောင်း ဖတ်ကြားတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး အစည်းအဝေး နံနက်ပိုင်းအစီအစဉ်များကို ရပ်နားသည်။

ထို့နောက် မွန်းလွဲ ၁၂ နာရီခွဲတွင် အစည်းအဝေးကို ပြန်လည်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က ဆောင်ရွက်သည်။

အစီရင်ခံစာများဖတ်ကြား

အစီအစဉ်အရ စစ်ကိုင်းတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကိုတွဲဖက်အတွင်းရေးမှူးဒေါက်တာ ဒေါ်ရီရီလွင်ကလည်းကောင်း၊ တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဒေါ်စန်းစန်းသီက လည်းကောင်း၊ ပဲခူးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်တင်တင်ဝင်းက လည်းကောင်း၊ မကွေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါ်တင်တင်ထွေးက လည်းကောင်း၊ မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်မေသက်ဆွေက လည်းကောင်း၊ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဒေါ်ခင်မေသစ်က လည်းကောင်း၊ ရခိုင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်စန်းစန်းကြည်ကလည်းကောင်း၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဒေါ်နွယ်နီအုန်းက လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဒေါ်နန်းဆိုင်ဇင်က လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူးဒေါက်တာ ဒေါ်နန်းကိန်ဖောင်းတစ်က လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်ဇင်မာဦးက လည်းကောင်း၊ ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကို ဥက္ကဋ္ဌ ဒေါ်တင်တင်လတ်က လည်းကောင်း အသီးသီးဖတ်ကြား တင်ပြကြပြီး နှစ်ပတ်လည်အစည်းအဝေးပထမနေ့ အစီအစဉ်များကို ညနေပိုင်းတွင် ရပ်သိမ်းလိုက်သည်။

အဆိုပါအစည်းအဝေးကို မေ ၄ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။ **(သတင်းစဉ်)**

ဖိလစ်ပိုင် ပတ်ဝန်းကျင်သဘာဝသယံဇာတရေးရာဝန်ကြီးရောက်ရှိ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးမည်

ရန်ကုန် မေ ၃

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး၏ ဖိတ်ကြားချက်အရ ဖိလစ်ပိုင်သမ္မတနိုင်ငံ ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတရေးရာဝန်ကြီး Hon. Michael T. Defensor ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေပိုင်းတွင် ထိုင်းလေကြောင်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ကြိုဆိုနှုတ်ဆက်သည်။

ဝန်ကြီး Hon. Michael T. Defensor နှင့်အတူ စီးပွားရေးလုပ်ငန်းရှင်များပါဝင်သော အဖွဲ့ဝင် ၁၉ ဦး လိုက်ပါလာပြီး ဖိလစ်ပိုင်- မြန်မာ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအတွက် သစ်တောရေးရာဝန်ကြီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်က တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများနှင့် ဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း (၁/၂၀၀၅)အမှုဆောင်အစည်းအဝေးကို ဧပြီ ၂၉ရက်က အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာနတွင် ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးမောင်မောင်စိုးတင့်(အငြိမ်းစားသံအမတ်ကြီး)နှင့် အမှုဆောင်များတက်ရောက်ကြပြီး ဆေးကုသရေး ခရီးစဉ်အတွေ့အကြုံကို ဒေါက်တာဦးအောင်ခင်က ရှင်းလင်းပြောကြားစဉ်။ (မြန်မာ့အလင်း)

ကွန်ပျူတာပညာသင်ဆု လျှောက်လွှာခေါ်ယူ

ရန်ကုန် မေ ၃

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ဂျပန်နိုင်ငံ CICC (Center of International Co-operation for Computerization) တို့၏ အစီအစဉ်အရ ၂၀၀၅ခုနှစ်တွင် ဂျပန်နိုင်ငံ၌ ဖွင့်လှစ်သင်ကြားပေးမည့် IT Project Manager Training Course နှင့် Bridge System Engineer Training Course သင်တန်းများတက်ရောက်ရန် ကွန်ပျူတာပညာသင်ဆုများအတွက် သတ်မှတ်ချက်များကို မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဖုန်း-၀၁-၆၅၂၃၀၇ ရုံးခန်းတွင် ကြေညာထားကြောင်းနှင့် ကိုက်ညီသူများ မေ ၉ရက်နောက်ဆုံးထား လျှောက်ထားနိုင်ပြီး ရေးဖြေစာမေးပွဲကို မေ ၁၁ ရက်နှင့် ၁၂ရက်တို့တွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်နယ်နှင့်တိုင်း အသီးသီးမှ လူငယ်လေ့လာရေးအဖွဲ့ ရန်ကုန်မြို့တွင်းလေ့လာ

ရန်ကုန် မေ ၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်များလေ့လာရေးနှင့် အတွေ့အကြုံဖလှယ်ရေးအစီအစဉ်အရ ရန်ကုန်မြို့၌ လေ့လာရေးခရီးရောက်ရှိနေသော ပြည်နယ်နှင့်တိုင်း အသီးသီးမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်လေ့လာရေးအဖွဲ့သည် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးလှထွန်းဦး ဦးဆောင်လျက် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီးသဘာဝဥယျာဉ် Recreation Zone သို့ ရောက်ရှိကြရာ မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးဇော်မြင့်နှင့် အသင်းဝင် လူငယ်မောင်မယ်များက ကြိုဆိုကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် ကန်တော်ကြီး ကရဝိက်နန်းတော်ဟိုတယ်နှင့် Recreation Zone အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ ကန်တော်ကြီး သဘာဝဥယျာဉ်ရှိ Relaxation Zone သို့ ရောက်ရှိကြရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန ရန်ကုန်တောင်ပိုင်းခရိုင်ခရိုင်မှူး ဒေါ်စုစုလှိုင်က ကြိုဆိုပြီး ကန်တော်ကြီး သဘာဝဥယျာဉ်ကို ဇုန်အလိုက်ဖွဲ့စည်းတည်ထောင်ထားမှုနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် Education Zone သို့ရောက်ရှိကြရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း စိုက်ပျိုးရေးသုံး ပံ့ပိုးပစ္စည်းအရောင်းဆိုင် တာဝန်ခံလက်ထောက်မန်နေဂျာ ဒေါ်ခင်မိုးခိုင်က သစ်ပင်ပန်းမန်များ ပြုစုပျိုးထောင်မှု၊ ထိန်းသိမ်းစောင့်ရှောက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လေ့လာရေး အဖွဲ့ဝင်များသည် Education Zone ရှိ ပန်းမန်ပြကွက်နှင့် မြန်မာ့သဘာဝပြကွက်များကို ကြည့်ရှုလေ့လာကြပြီး Central Forest Zone ရှိ ပြကွက်များကိုလည်း ကြည့်ရှုလေ့လာကြသည်။

ဖြတ်သန်းကြည့်ရှု

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ ရောက်ရှိလာပြီး ရခိုင်၊ ဗမာ၊ ကရင်၊ မွန်၊ ချင်း၊ ကချင်၊ ရှမ်းနှင့် ကယားတိုင်းရင်းသားရွာများကို လှည့်လည်လေ့လာကြည့်ရှုကြသည်။ ဆက်လက်၍ ရန်ကုန်-သန်လျင် တံတားကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့ဝင်များသည် သာကေတ ရွှေခင်းသာ အပန်းဖြေဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာအပန်းဖြေကြပြီး ညနေပိုင်းတွင် ရွှေခင်းသာ အပန်းဖြေဥယျာဉ်မှ ပြန်လည်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

ပရိဘောဂပြခန်းဖွင့်

ရန်ကုန် မေ ၃

EMU Crafts Work ကုမ္ပဏီက ဂျပန်နိုင်ငံနည်းပညာဖြင့် တောင်ဒဂုံစက်မှုဇုန်တွင်ပြုလုပ်သော ပရိဘောဂပစ္စည်းအရောင်းခန်းမဖွင့်ပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းထောင့်ရှိ သမဝါယမကူးသန်းရောင်းဝယ်ရေး ဗဟိုဌာန(ဆရာစံပလာဇာ)အဆောက်အအုံ ဒုတိယထပ်တွင် ဧပြီ ၂၇ရက် နံနက်က ကျင်းပရာ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးစိုးဝင်း တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ယင်းကုမ္ပဏီသည် တောင်ဒဂုံစက်မှုဇုန်တွင် အဆင့်မြင့်ပရိဘောဂများကို ထပ်ဆင့်ထုတ်လုပ်၍ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလျက်ရှိရာ ဖုန်း-၅၅၆၀၁၆နှင့် ဖက်စ်-၅၅၅၃၁၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၅ ခုနှစ် မေလ ၃ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်(၁၆၅၇၈)တိုက် ဖွင့်လှစ်ပြီး ဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်
ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

မန္တလေးတိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဒေါ်ခင်မေသစ်က ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)



ပဲခူးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဒေါ်တင်တင်ဝင်းက ဖတ်ကြား တင်ပြစဉ်။ (သတင်းစဉ်)

မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဒေါ်မေသက်ဆွေက ဖတ်ကြား တင်ပြစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကို ဥက္ကဋ္ဌ ဒေါ်တင်တင်လတ်က ဖတ်ကြား တင်ပြစဉ်။ (သတင်းစဉ်)

မကွေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါ်တင်တင်ထွေးက ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဒေါ်ရီရီလွင်က ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားပညာရည်မြင့်မားရေးဆိုသည့် မျှော်မှန်းချက် အောင်မြင်ပြည့်မြောက်မှသာ နိုင်ငံတော်၏အနာဂတ်ပြည့်စုံပြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေး အာမခံပေးနိုင်မည်ဖြစ်

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၅ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး (အဆင့်မြင့်ပညာကဏ္ဍ) နှီးနှောဖလှယ်ပွဲတွင် ခင်းကျင်းပြသထားသော သုတေသနဆိုင်ရာ စာတမ်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

✻ ရှေ့ဖုံးမှ

ကျောင်းအုပ်ကြီးများ၊ ဒုတိယကျောင်းအုပ်ကြီးများ၊ ညွှန်ကြားရေးမှူးများနှင့် ပါမောက္ခများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးတည်ချက်များချမှတ်

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် နိုင်ငံတော်ကြီးကို နယ်ပယ်ကဏ္ဍစုံတွင် နိုင်ငံတကာ အဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရအောင်နှင့် ဤသို့ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးရေး အတွက် ဆောင်ရွက်ရာတွင် ရှေးအဆက်ဆက်က ပိုင်ဆိုင်လာခဲ့သည့် အမျိုးသားရေး ဝိသေသဂုဏ်ဒြပ်များနှင့် ပြည်ထောင်စုကြီး၏ အနှစ်သာရတို့ ယိုယွင်း တိမ်းပါးမသွားစေရအောင် ထိန်းသိမ်းမြှင့်တင်နိုင်စေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များချမှတ်ပြီး တစ်မျိုးသားလုံး၏ ပူးပေါင်း ပါဝင်မှုစွမ်းအားဖြင့် အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ဤသို့နိုင်ငံတော်ကြီးကို အမျိုးသားရေးစရိုက်လက္ခဏာ မပျက်မယွင်း စေဘဲ နိုင်ငံတကာနှင့်ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရအောင် ကြိုးပမ်း ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ပကတိအခြေအနေများ၊ အတိတ်သမိုင်း ကြောင်းအခြေခံများ၊ အနာဂတ်အတွက် အမျိုးသားရေးမျှော်မှန်းချက်များကို အခြေခံပြီး အမျိုးသား စီးပွားရေးစီမံကိန်းများ၊ ပညာရေး၊ ကျန်းမာရေး စီမံကိန်းများအပါအဝင် နယ်ပယ်ကဏ္ဍစုံတွင် နှစ်တို နှစ်ရှည် စီမံကိန်းများ တိတိကျကျ ခိုင်ခိုင်မာမာချမှတ်ပြီး စနစ်တကျ ကြိုးပမ်းအကောင်အထည် ဖော်နေခြင်းပင်ဖြစ်ကြောင်း။

ခေတ်ကာလနှင့်အညီဖော်ထုတ်

ဤသို့ နောင်အနာဂတ် နှစ်၃၀ခန့်အထိ မျှော်မှန်းရေးဆွဲချမှတ်ထားသည့် စီမံကိန်းများတွင်ပါရှိသော ယေဘုယျ မျှော်မှန်းချက်များ၊ ဝိသေသ လုပ်ငန်းစဉ် များသည် မူဝါဒအခြေခံအရ ပြောင်းလဲမှုမရှိနိုင်သော်လည်း သိပ္ပံနှင့် နည်းပညာရပ် များ၏ ဖွံ့ဖြိုးတိုးတက်ပြောင်းလဲမှုများအရ အသေးစိတ်အကောင်အထည်ဖော် ရသည့်အနေအထားတွင် အထိရောက်ဆုံး၊ အကျိုးအရှိဆုံး နည်းလမ်းများနှင့် လုပ်ငန်းစဉ်များကို ခေတ်ကာလနှင့်အညီ ဖော်ထုတ်ဆောင်ရွက်နိုင်ရန် လိုအပ်မည် ဖြစ်ကြောင်း။

ထို့ကြောင့် ယခုကဲ့သို့ ပညာရှင်ကြီးများ၊ ပညာရေးကဏ္ဍက တာဝန်ရှိ ပုဂ္ဂိုလ်များပါဝင်သော နှီးနှောဖလှယ်ပွဲများကျင်းပပြီး ဆွေးနွေးသုံးသပ် ဆောင်ရွက် နေခြင်းသည် လိုအပ်ချက်တစ်ရပ်ဖြစ်သကဲ့သို့ အကျိုးကျေးဇူး အလွန်ပွားများ စေမည့် အစီအစဉ်များဖြစ်ကြောင်း၊ အမှန်တကယ်လည်း လက်တွေ့တွင် အကျိုးဖြစ်ထွန်းစေရအောင် ကြိုးစားဆောင်ရွက်သွားကြပါဟု ပထမဦးစွာ ပြောကြားလိုကြောင်း။

ယနေ့အချိန်အခါတွင် ပညာရေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု ဖြစ်စဉ် အဆင့်ဆင့်တွင် ပဓာနအကျဆုံး ပင်မစွမ်းအားဖြစ်နေသည်နှင့်အညီ နိုင်ငံတော် အစိုးရအနေဖြင့် လူမှုရေး ဦးတည်ချက်လေးရပ်တွင် တစ်မျိုးသားလုံးပညာရည် မြင့်မားရေးဆိုသော အမျိုးသားရေးဦးတည်ချက်ကို ထည့်သွင်းချမှတ်ပြီး ပညာရေး ကဏ္ဍ တိုးတက်မြင့်မားရေးအတွက် အမျိုးသားရေးမျှော်မှန်းချက်ဖြင့် ကြိုးပမ်း ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

၂၀၀၄ ခုနှစ် နိုဝင်ဘာလတွင်ကျင်းပခဲ့သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကြီးတွင် အသင်းနာယကကြီးဖြစ်သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သြဝါဒစကားမြွက်ကြားရာတွင်–

> **"ဒီမိုကရေစီနိုင်ငံတော်ကို ခိုင်ခိုင်မြဲမြဲတည်ထောင်မယ်ဆိုရင် နိုင်ငံတော်မှာ တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့ရဲ့ စီးပွားရေးတောင့်တင်းရေးနဲ့တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးတို့ဟာ ပဓာနကျတဲ့ လိုအပ်ချက်များဖြစ်တယ်။ ဒီမိုကရေစီကျင့်စဉ် ဖွံ့ဖြိုးရေးနဲ့ ခိုင်မြဲရေးကို အလွန်လက်တွေ့ကျတဲ့လုပ်ငန်းစဉ်တွေနဲ့ တည်ဆောက်ကြရမှာ ဖြစ်တယ်"**

ဟု ထည့်သွင်းလမ်းညွှန် မိန့်ကြားခဲ့ပါကြောင်း။

ထို့ကြောင့် ပညာရှင်များ၊ ဆရာကြီး ဆရာမကြီးများအနေဖြင့် အမျိုးသား ပညာရေးစီမံကိန်းများ ပြည့်ပြည့်ဝဝ အောင်မြင်အကောင်အထည်ပေါ်လာ ရေးသည် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်မှုဖြစ်စဉ်အဆင့်ဆင့်နှင့် တစ်ဆက် တစ်စပ်တည်းဖြစ်ကြောင်း၊ ပညာရေးကဏ္ဍအနေဖြင့် ပဓာနကျသည့် အခန်း ကဏ္ဍက ပါဝင်စွမ်းဆောင်ပေးနေခြင်းဖြစ်သည်ဟု ခံယူပြီး အမျိုးသားရေး အသိစိတ်ဓာတ်ဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြပါဟု မှာကြား လိုကြောင်း။

အကောင်အထည်ဖော်

ယခုအချိန်အခါသည် အမျိုးသားပညာရည်မြင့်မားရေး အနှစ် ၃၀ နှစ်ရှည် စီမံကိန်း ပထမနှစ်တို ငါးနှစ်စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သည့်အတွက် စီမံကိန်းရည်မှန်းချက်များနှင့်အညီ လုပ်ငန်းစဉ်များအောင်မြင်ဖြစ်ထွန်းစေရအောင် လက်တွေ့ကျသည့်အပြင် ထိရောက်အကျိုးရှိစေမည့်နည်းလမ်းများ သုံးသပ် ဖော်ထုတ်ပြီး အင်တိုက်အားတိုက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက် ကြရန် တိုက်တွန်းလိုကြောင်း။

အနှစ် ၃၀ နှစ်ရှည်စီမံကိန်းကာလအတွင်း အဆင့်မြင့်ကဏ္ဍအနေဖြင့် အခွင့်အလမ်းပွင့်၊ အရည်အသွေးမြင့်၊ ပညာခေတ်ဖြာဆိုသည့်ရည်မှန်းချက်များ နှင့်အညီ လုပ်ငန်းများကို အားသွန်ခွန်စိုက်ဆောင်ရွက်နေသကဲ့သို့ တက္ကသိုလ်၊ ဒီဂရီ၊ ကောလိပ်အသီးသီးရှိရာနယ်မြေများတွင်လည်း လူ့အဖွဲ့အစည်းများ၏ ဖွံ့ဖြိုးတိုးတက်မှု (Community Development) ကို ဖန်တီးပေးနိုင်မည့် လေ့ကျင့်ပျိုးထောင်မှု အစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နေ သည်ကို တွေ့ရကြောင်း။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် တက္ကသိုလ်၊ ကောလိပ် များကို ပြည်နယ်၊ တိုင်း၊ မြို့ကြီးအားလုံးလိုလိုတွင် တိုးချဲ့ဖွင့်လှစ်ပေးမှုများ၊ အဆင့်တိုးမြှင့်ပေးမှုများ ဆောင်ရွက်နိုင်ခဲ့သဖြင့် ၁၉၈၈ခုနှစ် တက္ကသိုလ်၊ ကောလိပ် ၃၂ခုသာရှိခဲ့ရာမှ ယခုအခါ တက္ကသိုလ်၊ ကောလိပ် ၁၅၆ခုအထိ တိုးတက်ပေါ်ထွန်းလာခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

တိုးချဲ့ဖွင့်လှစ်

ထို့အပြင် အဆင့်မြင့်ပညာကဏ္ဍတွင် သမားရိုးကျ အထူးပြုဘာသာရပ် များအပြင် Cross-Disciplinary and Interdisciplinary ချဉ်းကပ်နည်း များဖြင့် ပေါင်းစပ်ဘာသာရပ်များ၊ ပညာရပ်မျိုးကွဲများ တိုးချဲ့ပြီး ပို့ချပေးနေ သည်ကို တွေ့ရကြောင်း။

ထို့ကြောင့် ၁၉၈၈ခုနှစ်က ဘွဲ့ကြိုသင်ကြားရေးအစီအစဉ် ၄၅ခု၊ ဘွဲ့လွန် သင်ကြားရေးအစီအစဉ် ၃၄ခု စုစုပေါင်း၇၉ခုသာရှိခဲ့ရာမှ ယနေ့ ဘွဲ့ကြို သင်ကြားရေး အစီအစဉ်၈၄ခု၊ ဘွဲ့လွန်သင်ကြားရေးအစီအစဉ်၁၀၈ခု စုစုပေါင်း ၁၉၂ခုရှိလာသဖြင့် သင်ကြားရေးအစီအစဉ်ပေါင်း ၁၃၂ခု တိုးချဲ့ဖွင့်လှစ် သင်ကြားနိုင်ခဲ့သည်ကို တွေ့ရကြောင်း။

တက္ကသိုလ်၊ ဒီဂရီ၊ ကောလိပ်တည်ရှိရာ နယ်မြေအသီးသီးတွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လူ့အဖွဲ့အစည်း၏ ဖွံ့ဖြိုးတိုးတက် စေရေးတို့အတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာနများကို ၁၉၈၈ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး ယခုအခါတွင် မဟာဘွဲ့၊ ဘွဲ့၊ ဒီပလိုမာသင်ကြားရေး အစီအစဉ်ပေါင်း ၁၇၃ခု သင်ကြားပေးနိုင်နေပြီဖြစ်ကြောင်း။

အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် အားသွန်ခွန်စိုက်ကြိုးပမ်း

- ❑ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရာတွင် ရှေးအဆက်ဆက်က ပိုင်ဆိုင်လာခဲ့သည့် အမျိုးသားရေး ဝိသေသဂုဏ်ဒြပ်များနှင့် ပြည်ထောင်စုကြီး၏ အနှစ်သာရတို့ ယိုယွင်းတိမ်းပါးမသွားစေရအောင် ထိန်းသိမ်းမြှင့်တင်နိုင်စေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များချမှတ်ပြီး တစ်မျိုးသားလုံး၏ ပူးပေါင်းပါဝင်မှု စွမ်းအားဖြင့် အကောင်အထည်ဖော်၊
- ❑ အမျိုးသားပညာရေးစီမံကိန်းများ ပြည့်ပြည့်ဝဝ အောင်မြင် အကောင်အထည် ပေါ်လာရေးသည် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်မှုဖြစ်စဉ်အဆင့်ဆင့်နှင့် တစ်ဆက် တစ်စပ်တည်းဖြစ်၊ ပညာရေးကဏ္ဍအနေဖြင့် ပဓာနကျသည့်အခန်းကဏ္ဍက ပါဝင် စွမ်းဆောင်ပေးနေခြင်းဖြစ်သည်ဟုခံယူပြီး အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် အားသွန် ခွန်စိုက်ကြိုးပမ်း။

ထို့ကြောင့် အဆင့်မြင့်ပညာကဏ္ဍအနေဖြင့် ၁၉၈၈ခုနှစ်က သင်ကြားရေးအစီအစဉ်ပေါင်း ၇၉ခုသာရှိခဲ့ရာမှ ယခုအခါ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနမှ ဖွင့်လှစ်သည့် သင်ကြားရေးအစီအစဉ် ၁၇၃ခု အပါအဝင် သင်ကြားရေးအစီအစဉ်ပေါင်း ၃၆၅ခုအထိ တိုးတက်ဖြစ်ထွန်းလာသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ပုံမှန်ပါရဂူဘွဲ့သင်တန်းအပြင် ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများနှင့် အသက်၄၅နှစ်အထက် ကျော်လွန်သည့် ရင့်ကျက်ပညာရှင်များအတွက် ဖွင့်လှစ်သည့် ပါရဂူဘွဲ့သင်တန်းကိုပါ ဖွင့်လှစ်ထားသည့်အတွက် ယခုအခါတွင် ပုံမှန်ပါရဂူဘွဲ့သင်တန်း တက်ရောက်နေသူ ၂၇၂၈ဦး၊ ပါရဂူဘွဲ့ရပြီးသူ ၂၉၈ဦး၊ ရင့်ကျက်ပါရဂူဘွဲ့ တက်ရောက်နေသူ ၄၂၁ဦး၊ ပါရဂူဘွဲ့ရပြီးသည့် ပညာရှင်၁၃ဦးရှိနေပြီး ပါရဂူဘွဲ့ရပြီးသူ စုစုပေါင်း ၃၁၁ဦး ရှိနေပြီဟု သိရကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် အီလက်ထရွန်းနစ်ပညာရေးကို ၂၀၀၁ခုနှစ်ကစပြီး အကောင်အထည်ဖော်ခဲ့ရာတွင် ယခုအခါ နိုင်ငံတစ်ဝန်းလုံး၌ အီလက်ထရွန်းနစ်သင်ယူမှု ဌာနပေါင်း ၆၂၂ခု ဖွင့်လှစ်ထားပြီဖြစ်သည်ကို တွေ့ရပါကြောင်း။

ယနေ့ပညာရေးကဏ္ဍ၏ တိုးတက်ဖြစ်ထွန်းမှုများကို ကြည့်မည်ဆိုလျှင် နိုင်ငံတော်က အလေးထားဆောင်ရွက်နေသည့် အမျိုးသားပညာရည်အဆင့်အတန်း နိုင်ငံတကာနှင့် ရင်ပေါင်တန်းတိုးတက်မြင့်မားရေး၊ အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ တိုးမြှင့်မွေးထုတ်နိုင်ရေး၊ အခွင့်အလမ်းပွင့်၊ အရည်အသွေးမြင့်၊ ပညာခက်ဖြာ ရည်မှန်းချက်များ၊ အောင်မြင်ဖြစ်ထွန်းရေးလုပ်ငန်းစဉ်များကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်နေပြီဟု ဆိုရမည်ဖြစ်ကြောင်း။

အမျိုးသားရေးသန္နိဋ္ဌာန်

ယနေ့အချိန်အခါသည် နိုင်ငံတော်ကြီးကိုအဘက်ဘက်က ဖွံ့ဖြိုးတိုးတက်စေရအောင် တစ်မျိုးသားလုံးကဝိုင်းဝန်းပြီး ကြိုးပမ်းဆောင်ရွက်နေကြသည့် နိုင်ငံတော်တည်ဆောက်ရေးကာလဖြစ်သည့်အတွက် တစ်မျိုးသားလုံးပညာရည်မြင့်မားရေးနှင့်တကွ သိပ္ပံနှင့်နည်းပညာရပ်များနှင့် ပညာရှင်များ၏ အရေးပါမှု၊ ပဓာနကျမှုတို့ကို နိုင်ငံတော်အစိုးရက အသိအမှတ်ပြုအားပေးပြီး ပညာရေးကဏ္ဍမြှင့်တင်ရေးကို အမျိုးသားရေးသန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်နေချိန်ဖြစ်ပါကြောင်း။

ယနေ့မှစတင်ပြီး နောင်အနာဂတ်ကာလတွင် မိမိနိုင်ငံသူ နိုင်ငံသားများကို ခေတ်မီသိပ္ပံနှင့်နည်းပညာရပ်များ ပိုင်နိုင်ကျွမ်းကျင်စေရအောင် လေ့ကျင့်ပျိုးထောင်ပေးနိုင်ပါမှ နိုင်ငံတော်တည်ဆောက်ရေးနှင့် နိုင်ငံတော်ကာကွယ်စောင့်ရှောက်ရေးတာဝန်များကို ထိရောက်ကျေပွန်စွာ ထမ်းဆောင်နိုင်မည့် အခြေအနေဖြစ်သဖြင့် ပညာရေးကဏ္ဍ၏ ကြိုးပမ်းဆောင်ရွက်မှုများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခွန့်ရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် အထောက်အပံ့ဖြစ်စေမည်ဖြစ်ကြောင်း။

ဥမကွဲသိုက်မပျက်

ထို့အပြင် ယခုအချိန်အခါတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ဥမကွဲသိုက်မပျက် ညင်သာသိမ်မွေ့စွာကူးပြောင်းဖြစ်ထွန်းလာစေရအောင်နှင့် စည်းလုံးညီညွတ်ခိုင်မာသည့် ပြည်ထောင်စုကြီးအဖြစ် အစဉ်ထာဝရအခွန့်ရှည်တည်တံ့ခိုင်မြဲစေရအောင် နိုင်ငံတော်အစိုးရက မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေချိန်လည်း ဖြစ်ပါကြောင်း။ ချမှတ်အကောင်အထည်ဖော်နေသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အရ အမျိုးသားညီလာခံကြီး အောင်မြင်ဖြစ်ထွန်းရေးနှင့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် ပြည်သူများ၏ အတည်ပြုချက်ရယူရေး၊ ပေါ်ထွန်းလာသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများကျင်းပရေး လုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်ရန်ရှိနေပါကြောင်း။

ဤလုပ်ငန်းစဉ်အဆင့်ဆင့်တွင် ပြည်သူအများအနေဖြင့် လက်တွေ့ပါဝင်ရွေးချယ်ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ပြည်သူများပညာရည်မြင့်မားရေး၊ အသိအမြင်ဗဟုသုတကြွယ်ဝပြည့်စုံရေး၊ ပြည်ထောင်စုစိတ်ဓာတ် ပြည့်ဝခိုင်မာရေးတို့သည် မိမိနိုင်ငံ၏ ပကတိအခြေအနေမှန်များ၊ သမိုင်းကြောင်းအစဉ်အလာများနှင့် ဆီလျော်ထိုက်တန်သည့် နိုင်ငံတော်ကြီးပေါ်ထွန်းလာစေရေးအတွက် အလွန်ပင်အရေးပါလှသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်ကချမှတ်ထားသည့် အမျိုးသားရေးဦးတည်ချက်တစ်ရပ်ဖြစ်သည့် အမျိုးသားပညာရည်မြင့်မားရေးဆိုသည့် မျှော်မှန်းချက်အောင်မြင်ပြည့်မြောက်မှသာလျှင် နိုင်ငံတော်ကြီး၏အနာဂတ်ပြည့်စုံ တင့်တယ်ရေးနှင့် အခွန့်ရှည်တည်တံ့ ခိုင်မြဲရေးတို့အတွက် အာမခံပေးနိုင်မည်ဆိုသည်ကို ပညာရှင်ကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများအားလုံးက အလေးအနက်ခံယူပြီး အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်း အဆင့်ဆင့်အောင်မြင်ဖြစ်ထွန်းစေရအောင် အမျိုးသားရေးအသိ၊ အမျိုးသားရေးအမြင်ဖြင့် ကြိုးပမ်းဆောင်ရွက်ပေးကြပါဟု တိုက်တွန်းပြောကြားလိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ–

- **အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀)နှစ်ရှည်စီမံကိန်းလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ပညာရေးကဏ္ဍမှ တာဝန်ရှိသူအသီးသီးအနေနှင့် ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပေးကြပါ၊**
- **အမျိုးသားပညာရည် အဆင့်အတန်း နိုင်ငံတကာနှင့် ရင်ပေါင်တန်း တိုးတက်မြင့်မားရေး၊ အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ တိုးမြှင့်မွေးထုတ်နိုင်ရေးတို့အတွက် ပညာရှင်များက တက်ကြွစွာ ပါဝင်ဆောင်ရွက်ပေးကြပါ၊**
- **နိုင်ငံတော်ကချမှတ်ထားတဲ့ မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ယနေ့ နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြတဲ့ ပညာရေးကဏ္ဍမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခများ၊ ပညာရှင်များအနေဖြင့် အစွမ်းကုန်ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြပါ**

ဟု တိုက်တွန်းမှာကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ရွှေတိဂုံစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရေးငွေလှူဒါန်း

ရန်ကုန် မေ ၃

ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးနှင့် ကွပ်ကဲမှုအောက်ရှိ ဆေးရုံ၊ ဆေးတပ်များမှ အရာရှိ၊ စစ်သည်မိသားစုများက ရွှေတိဂုံစေတီတော်မြတ်ကြီးဘက်စုံပြုပြင်မွမ်းမံရေးလုပ်ငန်းများအဖြစ် ရွှေပြားသက်န်းတော် ခြောက်ကျပ်သားတစ်ပြားအတွက် အလှူတော်ငွေကျပ် ၁၁၇၀၀၀၀၊ ရင်ပြင်တော်ရာဟုထောင့်ရှိ စေတီအမှတ် (၁၆)အား ပြုပြင်မွမ်းမံရွှေသင်္ကန်းကပ်လှူရန် အလှူတော်ငွေ ၆၁၉၇၀၃၂ ကျပ်နှင့် ရွှေတိဂုံစေတီတော်မြတ်ကြီး ဘက်စုံ ပြုပြင်မွမ်းမံရန် အလှူတော်ငွေ ၁၈၆၃၆၈ ကျပ် စုစုပေါင်းအလှူတော်ငွေကျပ်၇၅၅၃၄၀၀ တို့ကို ယနေ့နံနက် ၈နာရီက ရွှေတိဂုံစေတီတော် ရင်ပြင်တော်ပေါ်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့အလှည့်ကျသဘာပတိ ဂေါပကအဖွဲ့ဝင် ဦးကြီးမြင့်က လက်ခံ၍ ထုတ်အနုမောဒနာဂုဏ်ပြုလွှာများကို ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄–၅–၂၀၀၅
(ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	သဖန်းဆိပ်ဘက်စုံရေလှောင်တမံ
၇း၂၀	တေးဂီတအစီအစဉ်
၇း၂၅	ပြည်တွင်းသတင်းအကျဉ်း
၇း၃၀	အမှတ်(၃)သတ္တုတွင်းလုပ်ငန်း ပြည်ပသွင်းကုန်အစားထိုး သံသတ္တုစပ်နှင့် သံမဏိသွန်းထည် လုပ်ငန်းအကြောင်း သိကောင်းစရာ
၇း၄၅	တေးဂီတအစီအစဉ်
၇း၅၀	Boxing Preview
၈း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၂၅	ခမီးရိုးရာယဉ်ကျေးမှုအက
၈း၃၀	တေးဂီတအစီအစဉ်
၈း၃၅	၂၀၀၅ခုနှစ် မြန်မာ့သိုင်းပညာပြပွဲနှင့် ဗန်တို(အတိုက်)ပြိုင်ပွဲ
၈း၅၅	ပြည်တွင်းသတင်းအကျဉ်း
၉း၀၀	မိုးလေဝသခန့်မှန်းချက်
၉း၀၅	တေးဂီတအစီအစဉ်
၉း၁၀	တန်(၃၀၀)ဆံ့အအေးခန်းနှင့် ရေခဲစက်ရုံ(စစ်တွေ)
၉း၂၅	တေးဂီတအစီအစဉ်
၉း၃၀	သတိပြုကာကွယ် ၄က်ဖျားအန္တရာယ်
၉း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၅	Learning English(Tools)
၉း၅၀	ကောင်းကျိုးရှိမည် CMP
၁၀း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀	မြေလျှင်နှင့် ကမ်းသို့ရိုက်ခတ်သော ရေလှိုင်းကြီးများ (ဆူနာမီ)
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါလေးနာရီစာအစီအစဉ်များကို ည၂၃း၀၀နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ဒို့နိုင်ငံကို သိပ်ချစ်တယ်

(၁)
အဖိုးတစ်ယောက်၊ မြို့တိုင်းလျှောက်ပြီး
ရွာတိုင်းလျှောက်ပြီး
အိမ်တိုင်းရောက်ပြီး
တစ်ယောက်မကျန်၊ မခြွင်းချန်ဘဲ
မှန်ဘီလူးဓာတ်၊ မျက်လုံးမြတ်ဖြင့်
ကဲခတ်ကြည့် ကြည့်သွားပါ၏။

(၂)
လူတကာက
သူလာပြီဆို၊ ပြုံးကြိုဧည့်ခံ
မငြင်းဆန်
သွေးဟန် သားဟန်
ဖိုးဟန်ဖြစ်နေ၊ သိပ်ရှိသေ။

(၃)
ကြည့်ခံ–ကြည့်ပြီး၊ အဖိုးကြီးက
မြင်ပြီးသမျှ၊ အစုစုတွက်
သာစု သာစု ခေါ်သွား၏။

(၄)
သူကြည့်တာဟာ
လူတကာ၏၊ ရင်မှာရှိထား
နှလုံးသား တဲ့
ဘာများရှိလို့၊ ကြည့်ပါလိမ့်။

(၅)
"ဒို့နိုင်ငံကို၊ သိပ်ကိုချစ်တယ်"
သိပ်ချစ်တယ်လို့
တကယ်ဖြောင့်တန်း၊ စာတန်းစာသား
နှလုံးများမှာ၊ ထင်ရှားတွေ့တာ
လူတကာမို့
ကြည့်ကာ သာစု ခေါ်တာတဲ့။

(၆)
ကျွန်တော့်နှလုံး၊ ကြည့်ပါဦးဟု
ညွှတ်ကုန်းရှိသေ၊ ပြလိုက်လေသော်
"ဟော–မင့်နှလုံး၊ ဟိုစာလုံးတွေ
လုံးဝမရှိ"–ဆိုလေ၏။

(၇)
ရှိချင်လို့ပါ၊ အဖိုးရာဟု
ဆိုကာပြစဉ်
မင့်ရင်အတွင်း၊ အပင်းသွင်းတာ
ငါဆွဲထုတ်မယ်
ကဲ–ကွယ်ဒီမှာ၊ ကြည့်ကွာသူဆို
ရေဒီယိုလေးထွက်လာ၏။

(၈)
ရေဒီယိုလေး၊ ဖယ်ပေးကာမှ
စိတ်ကကြည်သွား၊ အများလိုပင်
စာတန်းထင်၍ လာတော့၏။

(၉)
အပင်းအလျှို၊ ရေဒီယိုကို
စိတ်တိုကိုင်ပေါက်၊ ကြမ်းပေါ်ရောက်စဉ်
ရောက်တောင်ညံ့စီ၊ "ဘီဘီစီ"ဟု
မြည်ကာကြေမွသွားတော့၏။ ။

ဦး ဆရာထွန်း
၂၀၀၅ ခုနှစ် မေ ၂၅

ဘဒ္ဒန္တကုသလ ရုပ်တုတော် ပူဇော်ပင့်ဆောင်ပွဲ

ရန်ကုန် မေ ၃

ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်သော ဒေးဒရဲမြို့ တောကျောင်းတိုက်ကြီးနှင့် စိန္တာမုနိဘုရားကြီးကျောင်းတိုက်ကြီး တို့၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တကုသလ (နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်)ဆရာတော်ကြီး၏ရုပ်တုတော်ကို မေ ၇ ရက် (စနေနေ့)တွင် အမှတ် ၅၇ အာဇာနည်လမ်း ဗဟန်း မြို့နယ်ရှိ ဒေးဒရဲမြို့နယ်အသင်း (ရန်ကုန်) ဓမ္မာရုံကြီး၌ အပူဇော်ခံမည် ဖြစ်သည်။ မေ ၈ ရက် နံနက် ၈ နာရီတွင် ဒလကားဂိတ်မှ ဒေးဒရဲမြို့သို့ အခမ်းအနားဖြင့် ပင့်ဆောင်ကြမည်ဖြစ်သည်။

လိုက်ပါလိုသူများသည် ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)ဓမ္မာရုံနှင့် အကျိုးဆောင် ဒေါ်ကျင်ထွေး ဖုန်း– ၅၂၇၇၂၀၊ ၂၄၁၂၄၆ တို့သို့ စာရင်းပေးသွင်းနိုင်သည်။ မိမိအစီအစဉ်ဖြင့် လိုက်ပါလိုသူများ ယင်းနေ့ ဝါးတန်းလမ်း ဇက်ဆိပ်သို့ နံနက် ၆ နာရီခွဲ အရောက်လာရောက်ကြရန်နှင့် မေ ၁၂ ရက်(ကြာသပတေးနေ့)တွင် ဒေးဒရဲမြို့ တောကျောင်းတိုက်၌ နှစ်ပတ်လည် အခမ်းအနားကို ကျင်းပမည် ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

မီးလောင်မှုဖြစ်ပွားစဉ်တွေ့ရှိသည့်လက်ဝတ်ရတနာများ ပိုင်ရှင်ထံပြန်လည်အပ်နှံခြင်းအတွက်ဂုဏ်ပြု

ရန်ကုန် မေ ၃

ကျောက်တံတားမြို့နယ် ၃၄လမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ တိုက်အမှတ် ၁၆၄၊၁၆၆၊၁၆၈ ရှိ တိုက်ခန်းများမှ အပေါ်ဆုံးထပ်အခန်းများ ဧပြီ ၉ ရက် ညပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့စဉ် ဒေါ်ခင်မာဝေ၏ အခန်းအမှတ် ၁၂ ၌ တွေ့ရှိခဲ့သည့် ရွှေငွေရတနာပစ္စည်း စုစုပေါင်းတန်ဖိုးကျပ် ခြောက်သိန်းခန့်ကို ရိုးသားစွာပိုင်ရှင်ထံသို့ ပြန်ပေးအပ်ခဲ့သော ကျောက်တံတားမြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးလှမြင့်နှင့်တပ်ဖွဲ့ဝင်များ၊ ဝိုင်းဝန်းကူညီခဲ့ကြသော ကျောက်တံတားနှင့် ပန်းဘဲတန်းမြို့နယ်အရန်မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို မေ ၁ ရက် နံနက်က ကျောက်တံတားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ ကျောက်တံတားမြို့နယ်ဥက္ကဋ္ဌ ဦးရွှေမောင်း၊ ပန်းဘဲတန်းမြို့နယ် ဥက္ကဋ္ဌ ဦးကြည်စန်း၊ ကျောက်တံတားမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသန်းစိုးနှင့် ဂုဏ်ပြုခံတပ်ဖွဲ့ဝင်များ၊အလှူရှင်ဒေါ်ခင်မာဝေနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် တာဝန်ရှိသူများက အမှာစကား ပြောကြားပြီး အလှူရှင်ဒေါ်ခင်မာဝေက မီးငြိမ်းသတ်ရာတွင် ဦးစီးဦးဆောင်ပြုသည့် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မိမိ အခန်းမှ တွေ့ရှိခဲ့ရသော ရွှေထည်နှင့် ငွေသားများအား မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များမှတစ်ဆင့် မိမိထံ ပြန်လည်ပေးအပ်သည့်အတွက် အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားပြီး အလှူရှင်က ဂုဏ်ပြုငွေများ ချီးမြှင့်ပေးအပ်ကြောင်း သိရသည်။ **(အောက်ပုံ) (၂၁၀)**

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် နှီးနှောဖလှယ်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် နှီးနှောဖလှယ်ပွဲအခမ်းအနားတွင် ခင်းကျင်းပြသထားသော မော်လမြိုင်တက္ကသိုလ်အဏ္ဏဝါသိပ္ပံဌာနမှ"စက်စဲကမ်းခြေဒေသဆိုင်ရာ မဟာသိပ္ပံကျမ်းနှင့် သုတေသနဆိုင်ရာ စာတမ်းများ"ကိုလည်းကောင်း၊ မြစ်ကြီးနားတက္ကသိုလ်မှ"စီမံကိန်းဝင်သုတေသနဆိုင်ရာစာတမ်းများ"ကိုလည်းကောင်း၊ တောင်ကြီးတက္ကသိုလ်၏ "အင်းလေးဒေသဘက်စုံဖွံ့ဖြိုးရေး သုတေသနစာတမ်းများ"ကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးသည်။ **(သတင်းစဉ်)**

(၅၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုဆောင်းပါး

တစ်ယောက်အားဖြင့် မစွမ်းသာ စုပေါင်းကာကွယ်ပါ

ရန်သူဖြစ်သွားတဲ့မီးကို မီးကြီး၊ မီးလတ်၊ မီးသေး ဆိုပြီး သုံးမျိုးခွဲနိုင်တယ်။ မီးကြီးအဆင့်ရောက်ရင် ဆုံးရှုံးမှုကများပြီ။ ဒါကြောင့် ပြည်သူတွေက မီးသေး၊ မီးလတ်အဆင့်မှာ ထွက်မပြေးဘဲ၊ ကြိတ်မငြိမ်းဘဲ အချင်းချင်း ဝိုင်းဝန်းငြိမ်းမယ်၊ သက်ဆိုင်ရာ အကြောင်းကြားမယ်ဆိုတဲ့ အသိရှိရင် ပိုကောင်းပါတယ်။

ဦးဇော်ဝင်း
ညွှန်ကြားရေးမှူး
မီးသတ်ဦးစီးဌာန
ဓာတ်ပုံမှတ်တမ်း- တင်စိုး(မြန်မာ့အလင်း)

သတင်းဆောင်းပါး - မောင်မောင်စိုး
ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)

ပေါ့ဆမီး
မီးဖိုမီး
အလိုအလျောက်မီး
လျှပ်စစ်မီး
တောမီး
ရှို့မီး ဟူ၍ မီးလောင်မှုအမျိုးမျိုး ရှိသည့်အနက် ပေါ့ဆမှုကြောင့် လောင်သောမီးမှာ အများဆုံးဖြစ်သည်။ မှတ်တမ်းများအရ ၁၉၈၈ခုနှစ်မှ ၂၀၀၄ခုနှစ်အတွင်း မီးလောင်မှု အကြိမ်ပေါင်း ၁၈၆၄၉ကြိမ် ရှိသည့်အနက် ပေါ့ဆမှုကြောင့် လောင်သောမီးမှာ ၁၀၅၁၁ကြိမ်ဖြစ်သည်။ ဆုံးရှုံးမှုတန်ဖိုးမှာ နှစ်စဉ်သန်းပေါင်း ရာချီဆုံးရှုံးနေသည်။

သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းတွေက တွန်းအားပေးမယ်၊ ပြည်သူတွေက မီးသတ်တပ်ဖွဲ့ရဲ့ အကြံပြုချက်တွေကို လိုက်နာရင် မီးလောင်မှု သိသိသာသာ လျော့ကျနိုင်ပါတယ်။

ဦးအောင်ကျော်မြင့်
ဒုတိယညွှန်ကြားရေးမှူး
ရန်ကုန်တိုင်းဦးစီးမှူး
ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)

နိုင်ငံတော်နှင့်ပြည်သူတို့ အချိန်ယူပြီး နေ့မနား၊ ညမအား တည်ဆောက်ထားရသော စီးပွားရေး၊ လူမှုရေး အခြေခံ အဆောက်အအုံများ၊ လူနေအိမ်ခြေတိုက်တာ အိုးအိမ်စည်းစိမ်များ၊ တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များ မီးဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးရခြင်းမှာ နိုင်ငံတော်အတွက် ကြီးမားသော ဆုံးရှုံးမှုများ ဖြစ်သည်။

မီးလောင်ဆုံးရှုံးမှုကို သာမန်သဘောမျိုး၊ လူ့အဖွဲ့အစည်းအတွင်း ဖြစ်တတ်ပျက်တတ်သော သဘောမျိုး သတ်မှတ်၍မရ။ နိုင်ငံတော်နှင့် ပြည်သူတို့၏ ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်ယှက်ဖျက်ဆီးနေသည့် ဘေးအန္တရာယ်အဖြစ် သတ်မှတ်ကာ ယင်းအန္တရာယ်မကျရောက်အောင် တားဆီးကာကွယ်သွားကြရန် လိုအပ်ပေသည်။

မီးဘေးအန္တရာယ်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေး လုပ်ငန်းကို မီးသတ် တပ်ဖွဲ့ဝင်များက **မီးဘေးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေး၊ လူမှုရေးနှင့် နိုင်ငံတော်အေးချမ်းသာယာရေး၏ အရန်အင်အားအဖြစ် လေ့ကျင့်ဖွဲ့စည်းတည်ဆောက်ရေး** ဆိုသည့် အဓိက တာဝန်ကြီး ငါးရပ်အဖြစ် ချမှတ်ကာ တာဝန်ဝတ္တရားများကို ပီပီပြင်ပြင် ကြိုးပမ်းထမ်းဆောင်လျက် ရှိကြသည်။

မီးသတ်ဦးစီးဌာနသည် မီးငြိမ်းသတ်ရေး လုပ်ငန်းကို သာမက အသက်ကယ်ဆယ်ရေးလုပ်ငန်းများကိုပါ သက်စွန့်ဆံဖျား ဆောင်ရွက်ရသော မွန်မြတ်ကောင်းမွန်သည့် လူမှုဝန်ထမ်း လုပ်ငန်းဖြစ်သည်။

မီးသတ်တပ်ဖွဲ့ဝင်ဟူသည် အများအကျိုးအတွက် အသက်ကိုပင် စွန့်ဝံ့သူများဖြစ်ရာ ၎င်းတို့၏ စွမ်းစွမ်းတမံ ဆောင်ရွက်မှုများအတွက် ရဲကျော်သူ၊ ရဲဗလ၊ ရဲသူရ၊ ရဲကျော်စွာ၊ ရဲသူရိန်စသည့် ဘွဲ့ထူး၊ ဂုဏ်ထူးများ နှစ်စဉ်ချီးမြှင့်ခြင်း ခံရလျက်ရှိသည်။

သာဓကပြရလျှင် ၂၀၀၅ခုနှစ် မတ်လ ၁၈ရက်နေ့က ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် မဟာဗန္ဓုလလမ်းနှင့် ဗိုလ်မြတ်ထွန်း လမ်းထောင့် အမှတ် ၂၁၆၊ ၂၂၂ရှိ ဆယ်ထပ်

မီးသတ်ဦးစီးဌာနသည် မီးငြိမ်းသတ်ရေး လုပ်ငန်းကိုသာမက အသက်ကယ်ဆယ်ရေး လုပ်ငန်းများကိုပါ သက်စွန့်ဆံဖျား ဆောင်ရွက်ရသော မွန်မြတ်ကောင်းမွန်သည့် လူမှုဝန်ထမ်း လုပ်ငန်းဖြစ်။

တိုက်ခေါင်မိုးပေါ်မှ ခုန်ချရန် ကြံစည်သူ တစ်ဦးကို မီးသတ်တပ်ဖွဲ့ဝင်များက စွန့်စွန့်စားစား ကယ်တင်နိုင်ခဲ့ကြသည်။

အလားတူ ၂၀၀၄ခုနှစ် ဇူလိုင်လ ၁၈ရက်နေ့က ဘုရင့်နောင် လမ်းမပေါ်ရှိ လွင်ဓာတ်ငွေ့အရောင်းဆိုင် ပေါက်ကွဲ မီးလောင်စဉ်ကလည်း မီးသတ်တပ်ဖွဲ့ဝင်များသည် မီးငြိမ်းသတ်ရင်း ထိခိုက်ဒဏ်ရာ ပြင်းထန်စွာရရှိထားသည့်ကြားမှ စွန့်စွန့်စားစား ကာကွယ်ပေးခဲ့ကြသည်။

ယင်းသို့ မီးလောင်၊ ရေကြီး၊ လေပြင်းမုန်တိုင်းတိုက်၊ ငလျင်လှုပ်စသည့် သဘာဝဘေးအန္တရာယ်များ၏ စိန်ခေါ်မှုကို ရင်ဆိုင်၍ ပြည်သူများ အသက်အိုးအိမ် စည်းစိမ်မပျက်စီး မဆုံးရှုံးရအောင် အစွမ်းကုန်ကြိုးပမ်း ကာကွယ်စောင့်ရှောက်ပေးနေသူများမှာ မီးသတ်တပ်ဖွဲ့ဝင်များပင် ဖြစ်သည်။

မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် ကြိုတင် လေ့ကျင့်နေသော မီးသတ်တပ်ဖွဲ့ဝင်များ။
ဓာတ်ပုံမှတ်တမ်း- တင်စိုး(မြန်မာ့အလင်း)

မျက်မှောက်ကာလတွင် လူမှုစီးပွား အသုံးအဆောင်များ တစ်နေ့တခြား ခေတ်မီဆန်းပြားလာသည်နှင့်အမျှ မတော်တဆ မီးလောင်ပေါက်ကွဲမှုများ ဖြစ်ပွားသည့်အခါ လောင်စာစွမ်းအင် မြင့်မားမှုကို အန်တုနိုင်ရန်အတွက် မီးသတ်တပ်ဖွဲ့ဝင်များသည် ခေတ်မီ မီးသတ်ပစ္စည်းကိရိယာများဖြစ်သော ဆီမီးနှင့် ရိုးရိုးမီးကို ငြိမ်းသတ်သည့်ကိရိယာများ၊ ဓာတ်ငွေ့ယိုစိမ့်မှု တိုင်းတာသည့် ကိရိယာများ၊ အရေးပေါ်ဖောက်ထွင်း ဖြတ်တောက် ကယ်ဆယ်သည့် ကိရိယာများ၊ အသက်ရှူ ကိရိယာများ၊ ဓာတ်ငွေ့ကာ မျက်နှာဖုံးစွပ်များ၊ လေမွေ့ရာများ၊ အထပ်မြင့် အဆောက်အအုံများအထိ တက်ရောက်ပြီး မီးငြိမ်းသတ်နိုင်သည့် လှေကားတင်ယာဉ်များကို သုံးစွဲလာကြရပေသည်။

သို့ရာတွင် ယင်းသို့ခေတ်မီ မီးသတ်ပစ္စည်းကိရိယာများကို မည်မျှပင်အသုံးပြုပြီး မီးကိုငြိမ်းသတ်နိုင်သည့်တိုင် မီးကို ဂရုစိုက်ခြင်းမရှိလျှင် မီးလောင်မှုမှာ ကျဆင်းလျော့နည်းသွားမည် မဟုတ်ပါ။ တစ်နေ့တခြားများပြားတိုးတက်လာသော လူဦးရေနှင့် လူနေမှုအဆင့်အတန်း မြင့်မားမှုကြောင့် လူတို့၏အသုံး အဆောင်ပစ္စည်းများတွင် လျှပ်စစ်ဓာတ်အားနှင့် လောင်စာစွမ်းအင်သုံးစွဲမှုမှာ တိုးတက်များပြားလာရသည်။ လျှပ်စစ် ဓာတ်အားနှင့် လောင်စာစွမ်းအင်သည် မီးလောင်ဆုံးရှုံးမှုကို ပိုမိုမြင့်မားစေသော အရာများဖြစ်သည်။

ဤကဲ့သို့သော မီးလောင်ဆုံးရှုံးမှုများကို ငြိမ်းသတ်ရမည့် တာဝန်မှာ မီးသတ်တပ်ဖွဲ့ဝင်များ၏ တာဝန်သာ ဟူ၍ သဘောထားရန် မသင့်ပေ။ ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်မှသာ မီးဘေးအန္တရာယ်ကို ကြိုတင် ကာကွယ်တားဆီးနိုင်မည် ဖြစ်သည်။

မြန်မာနိုင်ငံတွင် ယနေ့အထိ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၃၀၀၀ကျော်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၃၀၀၀၀ ကျော် ရှိပေသည်။ အဆိုပါ မီးသတ်တပ်ဖွဲ့ဝင်တိုင်း ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာသော မီးသတ်ပညာရပ်များနှင့် ခေတ်မီ မီးသတ်ပစ္စည်းကိရိယာများကို သုံးစွဲလျက် မီးဘေးကာကွယ်ရေးကို ဆောင်ရွက်နေသည့်တိုင် မီးငြိမ်းသတ်ရေးတွင် ပြည်သူလူထု ပူးပေါင်းပါဝင်မှု လိုအပ်လျက်ရှိပေသည်။

တာဝန်ရှိ မီးသတ်တပ်ဖွဲ့ဝင်များသည် စက်ရုံ၊ အလုပ်ရုံ၊ စက်မှုဇုန်များတွင် မီးဘေးကာကွယ်ရေး ဆောင်ရွက်မှု စနစ်တကျရှိမရှိ စစ်ဆေးလျက် မီးဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေး အသိပညာပေးဟောပြော စည်းရုံးလှုံ့ဆော်လျက်ရှိသည်။ တစ်အိမ်တက်ဆင်း ကြည့်ရှုစစ်ဆေးပေးနေသည်။ အထပ်မြင့် အဆောက်အအုံ ဆောက်လုပ်ရေးဆိုင်ရာ အရည်အသွေး ထိန်းသိမ်းစစ်ဆေးရေး အဖွဲ့များကလည်းစစ်ဆေးကြပ်မတ် အကြံပေးလျက်ရှိသည်။

သို့ဖြစ်ရာ ပြည်သူများအပိုင်းကလည်း မီးဖိုမီး၊ လျှပ်စစ်မီး သုံးစွဲမှုဂရုပြုခြင်း၊ အမှိုက်ကစ ပြာသာဒ်မီးလောင်သည်မျိုးမဖြစ်ရန် အသေးအဖွဲကအစ ဂရုစိုက်ခြင်း၊ မီးစက်ဆီကုန်၍ ဆီဖြည့်သည်ကအစ ဖယောင်းတိုင်မီးသုံးမည့်အစား လက်နှိပ်ဓာတ်မီးသုံးစွဲပြီး ဆီဖြည့်လျှင် မီးဘေးအန္တရာယ် ကင်းရှင်းမည်ဆိုသည့် အခြေခံ ဗဟုသုတရှိခြင်း၊ အိမ်တိုင်း မီးသတ်ဆေးဘူး ဆောင်ထားခြင်း၊ မီးလောင်လျှင် လောင်ချင်း ဝိုင်းဝန်းငြိမ်းသတ်လျက် သက်ဆိုင်ရာ မြို့နယ်မီးသတ်နှင့် အရေးပေါ် ၁၉၁သို့ အမြန်အကြောင်းကြားခြင်း၊ မြန်မြန်အကြောင်းကြားလေ ဆုံးရှုံးမှုနည်းလေ ဆိုသည့် ပူးပေါင်းပါဝင်ခြင်းများပြုလုပ်နိုင်သည်နှင့်အမျှ မီးဘေးအန္တရာယ်ကို စုပေါင်းအင်အားဖြင့် အလွယ်တကူ အနိုင်ယူနိုင်ကြမည် ဖြစ်ပေသည်။

သို့ဖြစ်ရာ **"တစ်ယောက်အားဖြင့် မစွမ်းသာ၊ စုပေါင်းကာကွယ်ပါ"**ဟူသော ဆောင်ပုဒ်နှင့်အညီ မီးဘေးအန္တရာယ်ကို စုပေါင်းကာကွယ်ခြင်းဖြင့် တည်ငြိမ်အေးချမ်းပြီး ငြိမ်းချမ်းသာယာသော နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းပူးပေါင်း ပါဝင်ကူညီကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

မီးသတ်တပ်ဖွဲ့ဝင်များသည် မီးငြိမ်းသတ်ရေးသာမက အသက်ကယ်ဆယ်ရေး လုပ်ငန်းများကိုလည်း ဤသို့ ဆောင်ရွက်ကြသည်။
ဓာတ်ပုံမှတ်တမ်း- တင်စိုး (မြန်မာ့အလင်း)

နိုင်ငံတကာဈေးကွက်တွင် တီလားပီးယားသည် အလားအလာ အကောင်းဆုံးဖြစ်နေ။
ဦးဟန်ထွန်း
(ငါးဈေးပွဲ တော်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ-၄)

ငါးဈေးပွဲတော်သည်မျှော်မှန်းသည်ထက် ပိုမိုအောင်မြင်ကြောင်း၊ မထင်မှတ်လောက်အောင် အားပေးကြ။
ဦးကြီးငွေ
(ငါးဈေးပွဲ တော်ကျင်းပရေးဗဟိုကော်မတီ အတွင်းရေးမှူး၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး)

❒ *ကျောဖုံးမှ*

ကျင်းပသည့် နေ့တွင်ပင် လာရောက်ကြည့်ရှုလေ့လာသူ၊ ဝယ်ယူစားသုံးသူများပြားစည်ကားသည်နှင့်အမျှ တီလားပီးယားငါးများ၊ ငါးအကင်များ၊ တီလားပီးယားငါးဖြင့် ပြုလုပ်ထားသော အစားအသောက်များ ရောင်းမလောက်ဖြစ်သွားပြီး အချိန်ပိုင်းအတွင်း ကုန်သွားခဲ့သည်။ လာရောက်သူ အတော်များများ တီလားပီးယားငါးဝယ်မရ၊ တီလားပီးယား ငါးကင်မစားရဘဲ အိမ်ပြန်သွားခဲ့ကြရသည်။

တီလားပီးယားငါးဈေးပွဲတော် (၂၀၀၅)သည်စားသုံးသူအတော်များများ စိတ်ဝင်စားပြီး အထူးစည်ကားလျက်ရှိသဖြင့် တီလားပီးယားငါးဈေးပွဲတော်ကျင်းပရာ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်သို့ သွားရောက်၍ မေ ၁ ရက် ညနေပိုင်းက တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းခဲ့သည်။

စေတနာဖြင့်ကျင်းပ

ရှေးဦးစွာ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး တီလားပီးယား ငါးဈေးပွဲတော်ကျင်းပရေး ဗဟိုကော်မတီ အတွင်းရေးမှူး ဦးကြီးငွေအား တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။ ငါးဈေးပွဲတော် ဗဟိုကော်မတီ အတွင်းရေးမှူး ဦးကြီးငွေက မြန်မာနိုင်ငံတွင် ပထမဆုံးကျင်းပသည့် ငါးဈေးပွဲတော် ဖြစ်ကြောင်း၊ ပြီးခဲ့သည့်နှစ်က ဖိလစ်ပိုင်နိုင်ငံသို့ မြန်မာနိုင်ငံငါးလုပ်ငန်း ကိုယ်စားလှယ်အဖွဲ့ တီလားပီးယားငါးပြပွဲကို သွားရောက်လေ့လာခဲ့ရာမှ စိတ်ကူးရရှိကာ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ တီလားပီးယားငါးကို စားသုံးခြင်းအားဖြင့် အကျိုးသက်ရောက်မှုနှင့် တီလားပီးယားငါးမွေးမြူခြင်းအားဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးကို အများပြည်သူများ သိစေလိုသော စေတနာဖြင့် ကျင်းပခြင်းဖြစ်ကြောင်း။

ငါးဈေးပွဲတော်တွင် တီလားပီးယားမွေးမြူရေးစာအုပ်များ ရောင်းချပေးကြောင်း၊ ဈေးပွဲတော်လာ မိသားစုပျော်ရွှင် ချမ်းမြေ့စွာဖြင့် အိမ်ပြန်နိုင်အောင် သက်သာသောဈေးဖြင့် တီလားပီးယားငါးများ ရောင်းချပေးကြောင်း၊ ပထမ နေ့က ငါးပိသသာ သုံးသောင်းလောက် ရောင်းချပေးရကြောင်း၊ မစားရဘဲ၊ မဝယ်ရဘဲ အိမ်ပြန်သွားသူ အများအပြားရှိခဲ့ကြောင်း။

ပိုအောင်မြင်

ငါးဈေးပွဲတော်ဖွင့်ရေး၊ ဖျော်ဖြေရေး၊ ဧည့်ခံရေး၊ လုံခြုံရေး၊ လျှပ်စစ်မီးအဆင်ပြေစေရေး၊ ဈေးပွဲတော်လာပြည်သူများ ပျော်ရွှင်ချမ်းမြေ့ရေးစသည်တို့ကို အဖွဲ့အစည်းများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများဖြင့် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း၊ ငါးဈေးပွဲတော်လာသူများ ကြည်နူးချမ်းမြေ့ပျော်ရွှင်စေရေး ဂီတအစည်းအရုံးနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ထို့ကြောင့်ငါးဈေးပွဲတော်သည် မျှော်မှန်းသည်ထက် ပို၍အောင်မြင်ကြောင်း၊ မထင်မှတ်လောက်အောင်အားပေးကြကြောင်း၊ ပရိသတ်များပြားလှသောကြောင့် မေ ၂ ရက်ကိုပင် တစ်ရက်တိုး ဖွင့်လှစ်ခဲ့ရကြောင်း သတင်းအဖွဲ့အား ပြောကြားသည်။

ဆက်လက်၍ တီလားပီးယားဈေးပွဲတော်ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ-၄ ဦးဟန်ထွန်းအား ဆက်လက်မေးမြန်းရာ ဦးဟန်ထွန်းက တီလားပီးယားငါးဈေးပွဲတော် ကျင်းပခြင်းကြောင့် တီလားပီးယားငါးအကြောင်းကို လူများပိုသိစေကြောင်း၊ တီလားပီးယား ငါးဈေးသည် ကျပ်တစ်ထောင်အောက်သာရှိ၍ အများဝယ်ယူစားသုံးနိုင်သော ဈေးဖြစ်ကြောင်း။

သားငါးရိက္ခာ

တီလားပီးယားငါးသည် အဆီပါဝင်မှုနည်းပါး၍ ကျန်းမာရေးနှင့်ကိုက်ညီ၊ အာဟာရလည်း ပြည့်ဝ အရသာလည်းရှိသဖြင့် လူကြိုက်များကြောင်း၊ ပြည်တွင်းဈေးကွက်သာမက နိုင်ငံတကာ ငါးဈေးကွက်ဝင်ကာ လူကြိုက်များလာကြောင်း၊ ထို့ကြောင့် နိုင်ငံတကာဈေးကွက်တွင် တီလားပီးယားငါးသည် အလားအလာအကောင်းဆုံးဖြစ်နေကြောင်း ခေတ်မီနိုင်ငံများအတွက် စားသုံးရန် သားငါးရိက္ခာ တီလားပီးယားပင် ဖြစ်ကြောင်း။

၁၉၅၃ခုနှစ်က စတင်မွေးမြူခဲ့သော တီလားပီးယားသည် အရောင်မည်းသဖြင့် လူကြိုက်နည်းခဲ့ရာ ၁၉၈၀ ပြည့်နှစ်က ရောက်ရှိလာသော တီလားပီးယား ငါးမျိုးကောင်းမျိုးသန့်သည် အရောင်လှ၊ အသားဖြူ၊ အရသာထူးကဲ၊ သားပေါက် သားတိုးကောင်း၍ လူကြိုက်များကာ မွေးသူများ နှစ်ခြိုက်ကြကြောင်း၊ ယခုကဲ့သို့ တီလားပီးယားငါးဈေးပွဲတော်ကြီး ကျင်းပပေးနိုင်၍ ဝယ်ယူစားသုံးသူများ ပိုမိုသိရှိလာပြီး မွေးမြူသူများအတွက်လည်း ဈေးကွက်ရကာ အကျိုးရှိလာကြောင်း ပြောကြားသည်။

ထို့နောက် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး(သုတေသနနှင့် ဖွံ့ဖြိုးရေး) ဦးခင်ကိုလေးအား တွေ့ဆုံမေးမြန်းခဲ့ရာ ဦးခင်ကိုလေးက တီလားပီးယားငါးဈေးပွဲတော် (၂၀၀၅) သည် အထူး အောင်မြင်ကြောင်း၊ သတင်းပြန်ကြားရေးအပိုင်းက ပါဝင်ကူညီလှုံ့ဆော်ပေးသဖြင့် အလွှာစုံကလူတိုင်း စိတ်ဝင်စား တီလားပီးယားဟုပင် ဆိုရမလောက်ပင် ဖြစ်ကြောင်း၊ ယခင်က မြန်မာနိုင်ငံတွင် ငါးမြစ်ချင်းသာ အဓိက မွေးမြူခဲ့ရာ ကမ္ဘာတွင် ငါးမြစ်ချင်း စားသုံးမှု နည်းပါးလာသဖြင့် ပြည်ပတင်ပို့မှု ဈေးကွက်ကျဉ်းမြောင်းလာကြောင်း၊ ငါးမြစ်ချင်းသည် အစာလိုအပ်ချက် ကြီးမားပြီး ကာလကြာရှည် ရင်းနှီးမြှုပ်နှံရမှုများကြောင်း၊ သားဖောက်ချိန် တစ်နှစ်လေးလသာရှိရာ စီးပွားရေးတွက်ခြေကိုက်မှု နည်းပါးကြောင်း၊ အရိုးများခြင်း စသော အားနည်းချက်များရှိကြောင်း။

နှစ်သက်လက်ခံ

မျိုးကောင်းမျိုးသန့် တီလားပီးယားသည် အရိုးနည်း၊ အရောင်လှ၊ မွေးမြူချိန် တိုတောင်းကြောင်း၊ သုံးလေးလလောက်နှင့် သုံးဆယ်ကျပ်သားငါးများရကြောင်း၊ တစ်နှစ်ပတ်လုံး သား ပေါက်နိုင်၍ စီးပွားရေးအရ တွက်ခြေ ကိုက်ကြောင်း၊ အဆီဓာတ်ပါဝင်မှုနည်း၍ ကျန်းမာရေးနှင့် ကိုက်ညီ အာဟာရပြည့်ဝကြောင်း၊ ငါးရံ့၊ ငါးပြေမထက် အရသာထူးကဲကြောင်း၊ လူမျိုးစုံ၊ နိုင်ငံစုံ တီလားပီးယားကို ကြိုက်နှစ်သက် လက်ခံလာကြ၍ နိုင်ငံတကာဈေးကွက် ဝင်ဆံ့လာကြောင်း၊ တီလားပီးယားငါး ဈေးကွက် ကျယ်ပြန့်လာကြောင်း၊ ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချ၍ နိုင်ငံခြားဝင်ငွေများ ပိုမိုရရှိလာစေကြောင်းဖြင့် ပြောကြားသည်။

တီလားပီးယားငါးဈေးပွဲတော် မြန်မာနိုင်ငံရေထွက်ပစ္စည်း ထုတ်လုပ်သူများ ငါးစာပြခန်း၊ ပို့ကုန်လုပ်ငန်းရှင်များ ပြခန်းတွင် Golden Myanmar အဆင့်မြင့် ဖော်စပ်ငါးစာတောင့်လုပ်ငန်းမှ တာဝန်ရှိသူ ဒေါ်ရီရီမြင့်အား ဆက်လက်မေးမြန်းသည်။ ဒေါ်ရီရီမြင့် (GMA) က တီလားပီးယားငါးဈေးပွဲတော် ကျင်းပပေးခြင်းဖြင့် စားသုံးသူ၊ မွေးမြူသူ၊ အစာထုတ်လုပ်သူအားလုံးပင် အကျိုးရှိစေကြောင်း ငါးဈေးပွဲတော်များ ကျင်းပနိုင်လေ များများအကျိုးရှိလေ ဆိုရမည်ဖြစ်ကြောင်း။

တွက်ခြေကိုက်

Golden Myanmar Aqua Feeds အနေဖြင့် ငါးသားဖောက်စခန်းကို ညောင်တုန်းမြို့နယ် ပန်းလှိုင်တွင် ပြုလုပ်ထားပြီး ငါးအစာစက်ရုံကို လှိုင်သာယာ စက်မှုဇုန်တွင် တည်ဆောက်ထားကြောင်း၊ ငါးအစာများကို ငါးများ၏လိုအပ်ချက်နှင့်အညီ အာဟာရပြည့်ဝမှု၊ အစာကြေချက်ကောင်းမွန်မှု ငါးများနှစ်သက်မြတ်နိုးမှုတို့ဖြင့် သိပ္ပံနည်းစနစ်ကျကျ ပြုလုပ်ထားကြောင်း၊ သန့်ရှင်းလတ်ဆတ်သော အစာကုန်ကြမ်းများ သုံးစွဲ၍ ခေတ်မီစက်ကြီးများဖြင့် ထုတ်လုပ်သူများ အကျိုးရှိအောင် ဖြန့်ဖြူးရောင်းချပေးကြောင်း။

ငါးအစာများထုတ်လုပ်ရာတွင် မွေးမြူရေးငါးများအတွက် လိုအပ်သော အာဟာရဓာတ်များ ပြည့်ဝစွာဖြင့် အရည်အသွေးကောင်းသော ငါးစာများ ထုတ်လုပ်ဖြန့်ဖြူးကြောင်း၊ ငါးထုတ်လုပ်မှုစရိတ်သက်သာစေရန်၊ အသားတိုးနှုန်း ကောင်းမွန်စေရန် သန့်ရှင်းလတ်ဆတ်သော ကုန်ကြမ်းဖြည့်စွက် အားဆေးများဖြင့် ရောစပ်ထည့်သွင်း ဖော်စပ်ထားကြောင်း သတင်းအဖွဲ့အား ရှင်းလင်းပြောကြားသည်။

လူမျိုးစုံ၊ နိုင်ငံစုံ တီလားပီးယားကို ကြိုက်နှစ်သက် လက်ခံလာကြ၍ နိုင်ငံတကာဈေးကွက် ဝင်ဆံ့လာကြောင်း၊ ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံခြားဝင်ငွေများပိုမိုရရှိစေ။
ဦးခင်ကိုလေး
ညွှန်ကြားရေးမှူး-ငါးလုပ်ငန်းဦးစီး

ရောင်းချဖြန့်ဖြူးပေးသဖြင့် ငါးမွေးမြူရေးတွင် စီးပွားဖြစ်တွက်ခြေကိုက် အောင်မြင်မှုများ ရရှိကြောင်း။

စက်ရုံကထုတ် တီလားပီးယား ငါးစာမှုန့်(အထီးပြောင်းအစာ) ကို စနစ်တကျ စမ်းသပ်ဖော်စပ် ထုတ်လုပ်ထားကြောင်း၊ အသားတိုးအထီး တီလားပီးယား မွေးမြူရေးတွင် များစွာ အကျိုး ဖြစ်ထွန်းစေကြောင်း၊ [T-001(Sex-Reversal Monosex Hormone)] အထီးပြောင်း အစာမှုန့်ဖြစ်ကြောင်း၊ T-002 တီလားပီးယား ငါးသန်ပြုစု အစာ၊ T-003 တီလားပီးယား အသက်ငယ်စာခဲများ၊ T-004 တီလားပီးယား သက်ကြီးငါးစာတောင့်များ ထုတ်လုပ်၍ မွေးမြူ

တီလားပီးယားငါးဈေးပွဲတော် ကျင်းပပေးခြင်းဖြင့် စားသုံးသူ၊မွေးမြူသူ၊ အစာထုတ်လုပ်သူ အားလုံးပင် အကျိုးရှိစေ၊
ဒေါ်ရီရီမြင့်

ဈေးနှုန်းသက်သာ

ရန်ကုန်မြို့လယ် ဒဂုံမြို့နယ် မနော်ဟရီလမ်းအမှတ်(၃၆)နေ ကိုဝင်းထွဋ်မိသားစုအား တီလားပီးယားငါး အလုအယက်ဝယ်ယူနေစဉ် တွေ့ဆုံမေးမြန်းရာ သတင်းမွှေးနေသော တီလားပီးယားကိုစိတ်ဝင်စား၍ တကူးတက လာရောက်ဝယ်ယူခြင်းဖြစ်ကြောင်း၊ ဈေးက သက်သာ၊ စားလို့ကလည်း အရသာရှိ၍ လူကြိုက်များခြင်းဖြစ်ကြောင်း၊ အဆီဓာတ်နည်းပါး၍ သွေးတိုး၊ နှလုံး၊ ဆီးချိုရောဂါများကာကွယ်ပေး၍ ကျန်းမာရေးနှင့် လည်းညီကြောင်း၊ ဈေးနှုန်းကလည်း သက်သာ အဖိုးနည်းဝန်ပါဖြစ်၍ အများက လက်ခံကြခြင်းဖြစ်ကြောင်း ပြောပြသည်။

တီလားပီးယားငါးသည် ကျန်းမာခြင်းနှင့်အညီ အာဟာရပြည့်ဝ၊ နိုင်ငံတကာငါးဈေးကွက်တွင် ဝင်ဆံ့နေသဖြင့် အလွှာစုံ၊ လူစုံ၊ နိုင်ငံတကာက စိတ်ဝင်စားလာသည့် တီလားပီးယားငါးဟုပင် ဆိုရမည်ပင်ဖြစ်သည်။ လူတိုင်းပါးစပ်ဖျားက တီလားပီးယားဟုပင် ပြောဆိုသည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်သည်။

တစ်ချိန်က ခေတ်မီသူတိုင်း ပင်လယ်ငါးကို စားကြသည်ဟု ဆိုခဲ့သလို ယနေ့အချိန်အခါတွင်လည်း ကျန်းမာချမ်းသာလိုသူတိုင်း တီလားပီးယားငါးကိုစားကြသည်၊ မွေးမြူကြသည်ဟု ဆိုရမည်ဖြစ်ပေသည်။ ။

(မြန်မာ့အလင်း)

ဓမ္မဗျူဟာအဘိဓမ္မာ သင်တန်းဖွင့်မည်

ရန်ကုန် မေ ၃

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ် ၆ ကြားတောရလမ်းရှိ ဓမ္မဗျူဟာသာသနမာမကအဖွဲ့ လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေ သင်တန်းကျောင်းတွင် မေ ၇ရက်မှစ၍(စနေ၊ တနင်္ဂနွေနေ့တိုင်း) နံနက် ၇နာရီမှ ညနေ ၅နာရီခွဲ အထိ အဘိဓမ္မာ၊ အဘိဓမ္မာ(ဂုဏ်ထူးဆောင်)၊ ဝိသုဒ္ဓိမဂ် သင်တန်းများကို သင်တန်းမှူး ဓမ္မဗျူဟာ ဒေါ်ခင်လှတင် (သဒ္ဓမ္မဇောတိကဓဇ) က ကြီးမှူး၍ ဖွင့်လှစ်မည်ဖြစ်သည်။ တက်ရောက်လိုသူများသည် သက်ဆိုင်ရာ သင်တန်းချိန်များအလိုက် ဖုန်း- ၃၈၀၈၈၀ သို့ ဆက်သွယ်စုံစမ်း တက်ရောက်နိုင်ကြကြောင်း သိရသည်။ **(က-ပ)**

လိပ်မျိုးများ ရေရှည်တည်တံ့ရန် ထိန်းသိမ်းစောင့်ရှောက်ရေး ပညာပေးနှိုးဆော်ချက် ၁/၂၀၀၅

လိပ်မျိုးများသည် ရှေးအကျဆုံးနှင့် သက်တမ်းအရှည်ကြာဆုံး သတ္တဝါများဖြစ်ပါသည်။ ယခုအခါ ကမ္ဘာပေါ်တွင် လိပ်မျိုးစိတ်အများအပြားသည် မျိုးသုဉ်းပျောက်ကွယ်မည့်အခြေအနေသို့ ရောက်ရှိနေပြီဖြစ်၍ မျိုးပြုန်းတီးလု သတ္တဝါမျိုးစိတ်တွင် သတ်မှတ်ထည့်သွင်း၍ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ပင်လယ်လိပ်များသည် အရွယ်ရောက်ရန် အနှစ်၃၀မှ ၅၀အထိကြာမြင့်ပြီး အရွယ်ရောက် လိပ်ကြီးတစ်ကောင်ဖြစ်လာရန် မမျှော်မှန်းနိုင်လောက်အောင် ခဲယဉ်းပါသည်။ ကမ္ဘာတစ်ဝန်းလုံး၌ ပင်လယ်လိပ်မျိုးစိတ် ခုနစ်မျိုးရှိရာ မြန်မာနိုင်ငံတွင် ငါးမျိုးတွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ လိပ်မျိုးမပြုန်းတီးရေးနှင့် မြန်မာသက်ရှိ သယံဇာတများ ရေရှည်တည်တံ့စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

၁။ လိပ်ဥများကို တူးဖော်စားသုံးခြင်းမပြုရန်နှင့် လိပ်သားပေါက်များအား ထိန်းသိမ်းစောင့်ရှောက်ရှင်သန်ခွင့်ပေးရန်။

၂။ လိပ်များကို သတ်ဖြတ်စားသုံးခြင်းမပြုရန်နှင့် ငါးဖမ်းပိုက်များတွင် မတော်တဆဖမ်းဆီးရမိပါက ဘေးကင်းရာရေပြင်သို့ ပြန်လွှတ်ပေးရန်။

၃။ ငါးဖမ်းရေယာဉ်ရှိပိုက်များ၌ လိပ်များလွတ်မြောက်စေနိုင်သော ကိရိယာ Turtle Excluder Devices (TEDs) များ တပ်ဆင်သုံးစွဲရန်။

၄။ ငါးဖမ်းပိုက်အစများ၊ ရော်ဘာစများ၊ ပလတ်စတစ်အိတ်ခွံများနှင့် စက်သုံးစွန့်ပစ္စည်းများ၊ ဓာတုစွန့်ပစ္စည်းများ ရေပြင်သို့ မစွန့်ပစ်ရန်။

၅။ ငါးလုပ်ငန်းဦးစီးဌာနမှ ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအမှတ်(၂/၉၃)ပါ ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး မည်သူမျှ မည်သည့်လိပ်မျိုးကိုမဆို ဖမ်းယူခြင်း၊ သတ်ဖြတ်ခြင်း၊ အနှောင့်အယှက်ပြုခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်းတို့အပြင် လိပ်ဥများကို ရွှေ့ပြောင်းခြင်း၊ တူးဖော်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်းနှင့် အခြားနည်း တစ်စုံတစ်ရာဖြင့် နှောင့်ယှက်ခြင်းမပြုလုပ်ရန် ထုတ်ပြန်ထားသည့် တားမြစ်ချက်များကို လိုက်နာရန်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

ချောက်မြို့ ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်စက်ရုံ တည်ဆောက်ရေးစီမံကိန်း ဝန်ကြီးဦးအောင်သောင်း စစ်ဆေး၊ စနစ်တကျကြပ်မတ်ဆောင်ရွက်ရေးမှာကြား

ရန်ကုန် မေ ၃

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးသန်းရွှေ၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးရီနှင့် တာဝန်ရှိသူများနှင့်အတူ မေ ၁ ရက်နံနက်က မကွေးတိုင်း ချောက်မြို့နယ် ရေတွင်းကျေးရွာအနီး တည်ဆောက်လျက်ရှိသော ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်စက်ရုံ စီမံကိန်း(ချောက်) ရှင်းလင်းဆောင်သို့ရောက်ရှိပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရွှေက စက်ရုံတည်နေရာနှင့် မြေဧရိယာအကျယ်အဝန်း၊ ပင်မအဆောက်အအုံနှင့် ဆက်စပ်အဆောက်အအုံများ တည်ဆောက်မှုအခြေအနေ စသည်တို့ကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးရီက ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ် စက်ရုံစီမံကိန်းအနီး တည်ဆောက်မည့်ကြွေသီးစက်ရုံစီမံကိန်းအတွက် မြေနေရာ ရွေးချယ်မှုအနေအထားများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးသိန်းစိုးက ပင်မအဆောက်အအုံ တည်ဆောက်မှုအခြေအနေ၊ ဓာတ်ခွဲခန်းနှင့် ထိန်းချုပ်ခန်း၊ ရေသန့်စင်မှု စက်ရုံတည်ဆောက်ပြီးစီးမှုများ၊ Air-Compressed Station၊ Sub Station၊ Boiler House၊ Product Storage Workshop စသည့် ဆက်စပ် အဆောက်အအုံများ တည်ဆောက်ပြီးစီးမှု အခြေအနေများ၊ ပြည်ပမှ စက်ပစ္စည်းများရောက်ရှိမည့် အခြေအနေနှင့် ရောက်ရှိ ပစ္စည်းများကို ချောက်စီမံကိန်းရုံးသို့ သယ်ယူမည့် အစီအစဉ်၊ လျှပ်စစ်ဓာတ်အား သွယ်တန်းရန်ညှိနှိုင်းမှု အခြေအနေစသည်တို့ကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

မှာကြား

ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး မြို့ပြဆိုင်ရာ တည်ဆောက်မှုလုပ်ငန်းနှင့်အင်ဂျင်နီယာပိုင်းဆိုင်ရာ လုပ်ငန်းများကို လုပ်ငန်းပြ အချိန်ဇယားနှင့်အညီဆောင်ရွက်သွားရေး၊ ပြည်ပမှ ရောက်ရှိလာသော စက်ပစ္စည်းများ သယ်ယူရာ၌ ပျက်စီးလေလွင့်မှု မရှိစေရန် စနစ်တကျ ကြပ်မတ် ဆောင်ရွက်သွားရေးတို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ဧရာဝတီ မြစ်ကမ်းနံဘေး၌ တည်ဆောက် လျက်ရှိသည့် ပင်မအဆောက်အအုံ၊ ဘွိုင်လာအဆောက်အအုံနှင့် စက်၏ မြေနေရာ ရွေးချယ်ထားရှိမှု အခြေအနေများကို မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက ယခု ရွေးချယ်ထားသည့် မြေနေရာသည် စက်ရုံတည်ဆောက်ရန် သင့်လျော်သည်ဖြစ်ရာ ပင်မအဆောက်အအုံနှင့် ဆက်စပ်အဆောက်အအုံများဖြင့် စကေး သွားရေး အသေးစိတ် မှာကြားပြီး စက်ရုံတည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှ တစ်ဆင့် ဝန်ကြီးသည် ညောင်ဦးမြို့ ဝင်းသူဇာအရောင်းဆိုင်သို့ ရောက်ရှိပြီး စက်မှု(၁)ထုတ်ကုန်ပစ္စည်းများ ရောင်းချမှု အခြေအနေ အဆောက်အအုံများ တည်ဆောက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။**(ယာပုံ)**

ဝန်ကြီးက စီမံကိန်းလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ ပြီးစီးရေး ဆောင်ရွက်သွားရန်နှင့် စက်ရုံဝန်းကျင်၌ သစ်ပင်များ၊ လေကာပင်များကို တစ်အုပ်တစ်မ စိုက်ပျိုးသွားရေး မှာကြားသည်။

ထိုမှတစ်ဆင့်ဝန်ကြီးသည် ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ် စက်ရုံစီမံကိန်းအနီး မြန်မာ့ကြွေထည် မြေထည်လုပ်ငန်းမှ အကောင်အထည်ဖော်မည့် ကြွေသီး စက်ရုံစီမံကိန်း(ချောက်) ရှင်းလင်း ဆောင်သို့ ရောက်ရှိရာ မြန်မာ့ကြွေထည် မြေထည်လုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးရီက ဧရာဝတီမြစ်ကမ်းနံဘေး စီမံကိန်း ကိုက်မြေပုံရေးဆွဲ တင်ပြသွားရေး၊ လက်ရှိသစ်ပင်များအား ခုတ်လှဲခြင်း မပြုဘဲ စက်ရုံများ တည်ဆောက် များကို ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ကြည့်ရှု ခန္တီးလေဆိပ် လေယာဉ်ပြေးလမ်းတိုးချဲ့ဆောင်ရွက်မှုစစ်ဆေး

ရန်ကုန် မေ ၃

ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် တာဝန်ရှိသူများ လိုက်ပါလျက် မေ၁ရက် နံနက်ပိုင်းက မြန်မာ့လေကြောင်း လေယာဉ်ဖြင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိရာ လေဆိပ်အရေးကြီးပုဂ္ဂိုလ် နားနေဆောင်၌ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှိုင်နှင့် တာဝန်ရှိသူများက ပြည်တွင်း၊ ပြည်ပ လေယာဉ်များ ဆင်းသက်မှု၊ လေကြောင်းဖြတ်သန်းမှု၊ လေကြောင်းဆက်သွယ်ရေးဆိုင်ရာ ကိရိယာများ အခြေအနေ၊ ခရီးသည်နားနေဆောင်နှင့် လျှပ်စစ်ဓာတ်အား ရရှိမှု အခြေအနေ၊ လေဆိပ်ပတ်ဝန်းကျင်ရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်မှု အခြေအနေ၊ စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်ပန်းပင်များ စိုက်ပျိုးထားရှိမှုအခြေအနေနှင့် လေဆိပ်အတွင်း ပြုပြင်ထိန်းသိမ်းထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာ ကြားသည်။

ခန္တီးလေဆိပ်

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ခန္တီးလေဆိပ်သို့ ရောက်ရှိကြရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လေဆိပ်စီမံကိန်း အထူးအဖွဲ့(၄) စီမံကိန်း ရှင်းလင်းဆောင်၌ စီမံကိန်းအင်ဂျင်နီယာ ဦးဝင်းလွင်က လေယာဉ်ပြေးလမ်း

တောင်ဘက်ထိပ်မှ အလျားပေ ၁၅၀ X အကျယ်ပေ ၁၀၀အထိ တိုးချဲ့ပြီး စုစုပေါင်းအလျားပေ ၅၆၀၀အထိ ကျောက်ကတ္တရာခင်းခြင်းလုပ်ငန်း ပြီးစီးမှု အခြေအနေ၊ ပြေးလမ်း တောင်ဘက်မြေကြီးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေ၊ စက်ယန္တရားများအသုံးပြုနိုင်မှု၊ စက်ပစ္စည်း စုဆောင်းထားရှိမှု၊ စက်သုံးဆီ ရရှိသုံးစွဲမှု အခြေအနေများကို ပုံစံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ်(လေယာဉ်ကွင်း) ဦးထွန်းပေါ်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။ ထို့နောက် စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးမင်းဆွေက လေယာဉ်ပြေးလမ်းတိုးချဲ့ရေးအတွက် လိုအပ်သော မြစ်ကျောက်များရရှိရေး ပံ့ပိုးဆောင်ရွက်ပေးနိုင်မှု အခြေအနေကို ရှင်းလင်းတင်ပြသည်။ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက လုပ်ငန်းများ မိုးကကျမီ အရှိန်အဟုန်မြင့် ဆောင်ရွက်ကြရေးနှင့် လိုအပ်သည်များ ဖြည့်စွက်ညှိနှိုင်း မှာကြားသည်။

တိုးချဲ့ဆောင်ရွက်သွား

ခန္တီးလေယာဉ်ကွင်း၏ မူလလေယာဉ်ပြေးလမ်းမှာ အလျားပေ ၄၂၀၀၊ အကျယ်ပေ ၁၀၀ ကျောက်ရောမြေခင်း အမျိုးအစားဖြစ်သည်။ အဆင့်(၁) အနေဖြင့် အလျားပေ ၅၆၀၀၊ အကျယ်ပေ ၁၀၀ ကျောက်ရောကတ္တရာခင်း အမျိုးအစားအဖြစ် တည်ဆောက်ပြီး၊ F-28လေယာဉ်များ ဆင်းသက်နိုင်ရန် အတွက် ထပ်ပိုးလွှာ ခင်းခြင်းလုပ်ငန်းများကို ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်သည်။ ဆက်လက်၍ ပြေးလမ်းအား အလျားပေ ၁၀၀၀၀နှင့် အကျယ်ပေ ၁၀၀အထိ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်သည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် လေယာဉ်ပြေးလမ်းတစ်လျှောက် မော်တော်ယာဉ်ဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး လေယာဉ်ပြေးလမ်းတောင်ဘက်ပိုင်းတွင် စက်ယန္တရားကြီးများဖြင့် မြေသားလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ခန္တီးလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့ရေး စီမံကိန်းလုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)

မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်အုပ်စု မြသီတာ စံပြရပ်ကွက်နေပြည်သူများ လမ်းပန်းဆက်သွယ်မှု လွယ်ကူစေရေးအတွက် ရပ်ကွက်အတွင်းမှ ပုလဲလမ်းမကြီးသို့ ဆက်သွယ်ဖောက်လုပ်ထားသော မြသီရိလမ်းသစ်ဖွင့်ပွဲကို မေ၁ရက်က အဆိုပါ လမ်းသစ်ထိပ်၌ ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌဦးအောင်ပိုင်၊ ရပ်ကွက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူးဦးလေးနွယ်နှင့် အလှူရှင်(စန်းရီကတ်ထူပုံးစက်ရုံပိုင်ရှင်) ဒေါ်စန်းရီတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၃၆၃)

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း

ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲ-၂၀၀၅

မေလ (၄)ရက်မှ (၁၀)ရက်

အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊

လသာမြို့နယ်၊ ရန်ကုန်မြို့။

မြန်မာ့ရိုးရာ ခြင်းလုံးခတ်အားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင်က အလှူငွေကျပ် သုံးသိန်း ပေးအပ်လှူဒါန်းရာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က လက်ခံရယူစဉ်။ (မြန်မာ့အလင်း)

ဝန်ကြီးဖလားနှင့် ပြည်နယ်နှင့်တိုင်း ခြင်းလုံးခတ်ပြိုင်ပွဲ အားကစားဝန်ကြီးဌာန ဝန်ကြီး တက်ရောက်ဖွင့်လှစ်

ရန်ကုန် မေ ၃

မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့က ကြီးမှူး၍ ပထမအကြိမ် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလားနှင့် (၃၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင် ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားတွင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ဝန်ကြီးက ပြိုင်ပွဲဝင် အားကစားသမားများအား လိုက်လံနှုတ်ဆက်ပြီး မြန်မာ့ရိုးရာ ခြင်းလုံးအားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူရှင်များက အလှူငွေများပေးအပ်ရာ ဦးလှဝင်း M.K ကုမ္ပဏီက အလှူငွေကျပ် ခြောက်သိန်း၊ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြသိန်းက ငွေကျပ် သုံးသိန်း၊ မြန်မာ့ရိုးရာ ခြင်းလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင်(မိုးကုတ်) နေလနှစ်ပါး သိဒ္ဓိရတနာဆိုင်က ငွေကျပ်သုံးသိန်း၊ မန္တလေးတိုင်း ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲမှူး မောင်စိန်က ငွေကျပ်နှစ်သိန်း၊ ဒေါ်တင်တင်မြင့်နှင့် သမားတော်ကြီး ဦးကျော်စိန်(မိုးကုတ်) မိသားစုက ငွေကျပ်တစ်သိန်းစီ ပေးအပ်လှူဒါန်းရာ ဝန်ကြီးက လက်ခံရယူသည်။

သရုပ်ပြ

ဆက်လက်၍ ပြိုင်ပွဲဝင်အားကစားသမားများ ပြိုင်ပွဲဝင်အားကစား သစ္စာအဓိဋ္ဌာန်လေးချက် ရွတ်ဆိုပြီး မြန်မာနိုင်ငံ ခြင်းလုံးအားကစားအဖွဲ့ချုပ်မှ ခေတ်သုံးခေတ် သရုပ်ဖော် သရုပ်ပြ ခတ်ကစားပြသကြသည်။

စွမ်းရည်ပြ

ယင်းနောက် အမျိုးသမီး တစ်ကိုယ်တော် စွမ်းရည်ခတ်ကစားပြသရာ အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ညီအစ်မ နှစ်ဦးဖြစ်သူ အစ်မ သိန်းသိန်းဝင်းနှင့် ညီမငယ် ခင်ချောစုတို့က မြန်မာ့ရိုးရာခြင်းလုံးကို ပိုင်နိုင်စွာ သရုပ်ပြခတ်ကစားပြီး ခြင်းလုံးအားကြိမ်ကွင်း၊ ကြိုးကွင်းများဖြင့် တွဲဖက်ခတ်ကစားပြသကြသည်။ **(မြန်မာ့အလင်း)**

အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲဆက် လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်ထိပ်ဆုံးမှဦးဆောင်

ရန်ကုန် မေ ၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄ နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ ဘဏ္ဍာ/အခွန်အသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဘဏ္ဍာ/အခွန်အသင်းအတွက် ပထမဂိုးကို ပွဲစပြီး ၁၅ မိနစ်အကြာတွင် ကျော်သူရက သွင်းယူသည်။ ကာကွယ်ရေးဝန်ကြီးဌာနအသင်းအတွက် ချေပဂိုးကို ပွဲချိန်မိနစ် ၂၀ တွင် ကျော်မင်းသက်က သွင်းယူသည်။

ဘဏ္ဍာ/အခွန်အသင်းက ဒုတိယပိုင်းတွင် နှစ်ဂိုးထပ်မံသွင်းယူခဲ့ရာ ပွဲချိန် ၅၈ မိနစ်တွင် အောင်ကျော်မိုးက ဒုတိယဂိုး၊ ၇၅ မိနစ်တွင် လွင်ဦးက တတိယဂိုး သွင်းယူပေးသည်။

အမှတ်ရရှိမှု

ယနေ့ပွဲစဉ်များအပြီးတွင် လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းက ၁၃ ပွဲကစား (၃၉)မှတ်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ၁၅ ပွဲကစား (၂၆)မှတ် ရရှိထားကြသည်။ ကာကွယ်ရေးဝန်ကြီးဌာနအသင်း ပွဲကုန်သွားပြီး ဘဏ္ဍာ/အခွန်အသင်းသည် မေ ၇ ရက်တွင် စီးပွား/ကူးသန်းအသင်းနှင့်လည်းကောင်း၊ မေ ၁၁ ရက်တွင် စွမ်းအင်အသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယနေ့ပွဲ

မေ ၄ ရက် **(ယနေ့)** ညနေ ၄ နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ လယ်ယာ/ဆည်မြောင်းအသင်းနှင့် ဆောက်လုပ်ရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ဘော့စ်ဘောအားကစားအဖွဲ့ချုပ် အားကစားသမားများနှင့် တွေ့ဆုံပွဲကျင်းပ

ရန်ကုန် မေ ၃

မြန်မာနိုင်ငံ ဘော့စ်ဘောအားကစားအဖွဲ့ချုပ်နှင့် ဘော့စ်ဘောအားကစားသမားများ တွေ့ဆုံပွဲကို ယမန်နေ့နံနက် ၁၀ နာရီက ဗဟန်း M3 စားသောက်ဆိုင်ဧည့်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ဘော့စ်ဘောအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်မြတ်ဦး (Ginvera)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးအောင်ဆု၊ ဒေါက်တာနိုင်ဝင်းပါ (Panasonic)၊ ဦးမြတ်ဦး၊ အတွင်းရေးမှူး ဦးစန်းမောင်မြင့်နှင့် အဖွဲ့ချုပ်အမှုဆောင်များ၊ ဘော့စ်ဘောနည်းစနစ်အကြံပေး Mr.Iwasaki နှင့် နည်းပြများ၊ အားကစားသမားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ မြန်မာနိုင်ငံ ဘော့စ်ဘောအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်မြတ်ဦးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဘော့စ်ဘောအားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင်များနှင့် အားကစားသမားများအား တစ်ဦးချင်း မိတ်ဆက်ကြသည်။ ဆက်လက်၍ အလှူငွေပေးအပ်ပွဲကျင်းပရာ ဥက္ကဋ္ဌဦးအောင်မြတ်ဦးက ငွေကျပ် ၁၀ သိန်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနိုင်ဝင်းပါက ငွေကျပ် ငါးသိန်း၊ ဒုတိယဥက္ကဋ္ဌ ဦးမြတ်ဦးက ငွေကျပ်သုံးသိန်း အသီးသီး ပေးအပ်လှူဒါန်းကြရာ ဒုတိယဥက္ကဋ္ဌ ဦးအောင်ဆုက လက်ခံရယူသည်။ ထို့နောက် မြန်မာနိုင်ငံ ဘော့စ်ဘောအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာနိုင်ဝင်းပါက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(မြန်မာ့အလင်း)**

ကမ္ဘာတစ်လွှား အားကစား

အာဆင်နယ်တို့ ဝက်စ်ဘရွန်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင် တန်းစီဇယား ဒုတိယနေရာတွင် ဆက်လက်ရပ်တည်

လန်ဒန် မေ ၃

၂၀၀၄-၂၀၀၅ ခုနှစ် အင်္ဂလိပ်ပရီမီယာလိဂ် ဘောလုံးရာသီလက်ကျန်ပွဲများကို ဆက်လက်ကစားလျက်ရှိရာ ဒုတိယနေရာတည်မြဲရေး ကြိုးစားနေသော အာဆင်နယ်အသင်းက ဝက်စ်ဘရွန်းအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သဖြင့် တတိယနေရာတွင်ရှိနေသော မန်ချက်စတာယူနိုက်တက်နှင့် ပွဲတူ (၄)မှတ်အသာဖြင့် ဒုတိယနေရာတွင် ဆက်လက်ရပ်တည်နေသည်။

ယခုနှစ် ပရီမီယာလိဂ်ဖလားကို လက်လွတ်ခဲ့ရပြီဖြစ်သော အာဆင်နယ်သည် ဒုတိယနေရာအတွက် ကြိုးစားနေရဆဲဖြစ်ရာ အဝေးကွင်း၌ ဝက်စ်ဘရွန်းကို အနိုင်ရအောင် ကစားခဲ့သည်။ တန်းဆင်းဇုန်အတွင်း ရောက်နေသည့် ဝက်စ်ဘရွန်းတို့က အာဆင်နယ်ကို မိမိကွင်း ဟောသွန်းစ်၌ မာမာတင်းတင်း ခုခံကစားခဲ့မှုကြောင့် ပထမပိုင်းပွဲချိန်အတွင်း အာဆင်နယ်တို့ ဂိုးမသွင်းနိုင်ခဲ့ချေ။

ဦးဆောင်ကစား

အွန်နရီနှင့် ယွန်းဘတ်တို့ မပါသည့် အာဆင်နယ်တိုက်စစ်ကို ဗန်ပါစီနှင့် ရီးယက်စ်တို့ ဦးဆောင်ကစားခဲ့ရာ ဝက်စ်ဘရွန်းနောက်တန်းကိုထိုးဖောက်ကစားနိုင်သော်လည်း ဂိုးသွင်းခွင့် ပိုင်ပိုင်နိုင်နိုင်မရရှိဘဲ ဖြစ်ခဲ့ရသည်။

ကွင်းလယ်ကစားကွက် အားသာပြီး အပေးအယူ အချိတ်အဆက်မှန်မှန်ဖြင့် ကစားသော အာဆင်နယ်ကို ဝက်စ်ဘရွန်းတို့ စုစည်းစွာ ခုခံကစားခဲ့သဖြင့် အပိုင်ဂိုးသွင်းခွင့်မရဘဲရှိရာမှ ၃၄ မိနစ်တွင် အာဆင်နယ် အသင်းခေါင်းဆောင် ဗီယာရာကိုက် ၂၀ အကွာမှ အပြင်းကန်သွင်းမှုမှာလည်း ဂိုးဘားတန်းပေါ်မှ ကျော်သွားခဲ့သည်။

အဖွင့်ဂိုး

အာဆင်နယ်တို့ အဖွင့်ဂိုးရရှိရေးအတွက် ပွဲချိန် ဒုတိယပိုင်းတွင် ပိုမိုထိုးဖောက်ကစားရာမှ ၆၆ မိနစ်တွင် အာဆင်နယ်တိုက်စစ်မှူး ဗန်ပါစီက အဖွင့်ဂိုး သွင်းယူပေးခဲ့သည်။ ဒတ်ချ်တိုက်စစ်မှူးနှင့် အာဆင်နယ်တိုက်စစ်မှူးလေးဖြစ်သည့် ဗန်ပါစီ၏ ယခုဂိုးသည် ယခုနှစ်ဘောလုံးရာသီတွင် သူ၏ကိုးဂိုးမြောက်ဖြစ်ပြီး သူ နောက်ဆုံးပါဝင်ကစားခဲ့သည့် ခြောက်ပွဲတွင် လေးဂိုးမြောက် သွင်းဂိုးလည်း ဖြစ်သည်။

ဝက်စ်ဘရွန်းတို့ ချေပဂိုးရရှိရေး ကြိုးစားသော်လည်း ဝက်စ်ဘရွန်းတိုက်စစ်မှူးများဖြစ်သည့် ဂီရာ၊ ကီဗင်ကမ်းဘဲလ်နှင့် ရစ်ချတ်ဒ်ဆင်တို့က အာဆင်နယ်နောက်တန်းကို မကျော်နိုင်ဘဲရှိရာမှ မိနစ် ၉၀ တွင် အာဆင်နယ်မှ ဗန်ပါစီအစား လူစားဝင်လာသူ အီဒူးက တစ်ဂိုးသွင်းယူလိုက်သဖြင့် နှစ်ဂိုး-ဂိုးမရှိဖြင့် အာဆင်နယ်တို့ အနိုင်ရရှိခဲ့ပြီး (၇၇)မှတ်ဖြင့် ဒုတိယနေရာတွင် ဆက်လက်ရပ်တည်ဆဲ ဖြစ်သည်။ **(အင်တာနက်)**

ဝက်စ်ဘရွန်းနှင့် အာဆင်နယ်ပွဲတွင် ဝက်စ်ဘရွန်းမှ ဝေါလ်ဝပ်စ် (ဝဲ)နှင့် အာဆင်နယ်မှ ရောဘတ်ပီရက်စ်တို့ ဘောလုံးရရှိရေး ကြိုးစားစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဘာစီလိုနာတို့ နိုင်ပွဲဆက် လာလီဂါ၌ဆက်လက်ဦးဆောင်ဆဲ

ဘာစီလိုနာ မေ ၃

စပိန်လာလီဂါပွဲစဉ်များကို ဆက်လက်ကျင်းပလျက်ရှိရာ တန်းစီဇယားထိပ်ဆုံးတွင် ဦးဆောင်နေသော ဘာစီလိုနာက အောက်ဆုံးအဆင့်တွင်ရှိသော အယ်ဘာစီတီကို အိမ်ကွင်း၌ နှစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိပြီး လာလီဂါတန်းစီဇယားတွင် ဆက်လက်ဦးဆောင်လျက်ရှိသည်။

ပုံမှန်ခြေစွမ်း ပြန်လည်ရရှိနေသော ဘာစီလိုနာတို့က ပြိုင်ဘက်ရီးယဲလ်မက်ဒရစ်ကို အမှတ်ဖြတ်ထားနိုင်ရေးအတွက် ပွဲတိုင်း အနိုင်ကစားမှ ရမည်ဖြစ်ရာ တန်းစီဇယားအောက်ဆုံးတွင်ရှိပြီး အတန်းဆင်းရန် သေချာနေသော အယ်ဘာစီတီကို အလေးထားကစားသွားခဲ့သည်။

ရော်နယ်ဒင်ဟို၊ အီတူး၊ ဂူလီနှင့် ဒေကိုတို့က အတွဲညီစွာဖြင့် အယ်ဘာစီတီနောက်တန်းကို အကြိမ်ကြိမ်ထိုးဖောက်ကစားနိုင်သော်လည်း ကန်ချက်လွဲချော်မှုနှင့် ဆန္ဒစောနေမှုတို့ကြောင့် ဂိုးမရဘဲဖြစ်နေရာ ပထမပိုင်းပွဲချိန်ပြီးဆုံးသည်အထိ ဂိုးမသွင်းနိုင်ဘဲ ဖြစ်ခဲ့ရသည်။

ဒုတိယပိုင်း

ဒုတိယပိုင်းတွင်လည်း ဘာစီလိုနာတို့ ဂိုးရရှိရေး အပြင်းအထန်ကြိုးစားရာ ၆၆ မိနစ်တွင် ဘာစီလိုနာတိုက်စစ်မှူး အီတူးက အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် တစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။ ပြီးခဲ့သည့်လက ဒဏ်ရာရရှိခဲ့သဖြင့် ပွဲစဉ်အချို့နှင့် လွဲခဲ့ရသော အီတူးသည် ယခု ပထမဆုံးဂိုးပြန်သွင်းနိုင်ခဲ့ခြင်း ဖြစ်သည်။

ခြောက်မှတ်ဖြတ်ထား

အယ်ဘာစီတီတို့ ဒုတိယပိုင်းတွင် တိုက်စစ်အားကျဆင်းသွားခဲ့ပြီး ဘာစီလိုနာ၏ တိုက်စစ်ကိုသာ ဟန့်တားကာကွယ်ကာ တန်ပြန်တိုက်စစ်သာ ကစားနိုင်ခဲ့သည်။ ၈၈ မိနစ်တွင် အီတူးအစား ဝင်ရောက်ကစားသည့် ၁၇ နှစ်အရွယ်ရှိ လူငယ်ပါရမီရှင် မက်ဆီက မိနစ် ၉၀ တွင် တစ်ဂိုးသွင်းယူခဲ့သဖြင့် ဘာစီလိုနာတို့ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဒုတိယနေရာတွင်ရှိနေသော ရီးယဲမက်ဒရစ်နှင့်ပွဲတူ ခြောက်မှတ်ဖြတ်ထားနိုင်ကာ တန်းစီဇယား၌ ဆက်လက်ဦးဆောင်လျက်ရှိသည်။ **(အင်တာနက်)**

ဟာသဂျာနယ်အတွဲ(၂)၊ အမှတ်(၈၄)ဖြန့်ချိ

ရန်ကုန် မေ ၃

တစ်လမျှ အနားယူအားမွေးပြီး အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို ပြောင်းလဲဖန်တီးထားသော ဟာသအတွေးသစ်အရေးသစ်တို့ဖြင့် အကြည်တော်၊ အဏ္ဏဝါစိုးမိုး၊ မာရဇ္ဈ၊ ခင်အောင်ဝင့်၊ သက်သက်သာ၊ ဒေါက်တာလမင်း၊ နန္ဒာစိုး(ဆင်ဖြူကျွန်း)၊ နရီမင်း၊ မိုးဆက်လင်းထက်၊ အော်ပီကျယ်၊ ကာတွန်းဝင်းအောင်၊ ဂန္ထဝင်၊ ဗိုမောင်၊ ထက်မိုးတို့ ပါဝင်ရေးသားထားသည့် ဟာသဂျာနယ်အတွဲ(၂)၊ အမှတ်(၈၄)ကို ဦးတင်စိုး ဖြန့်ချိရေး ရွှေတိဂုံဘုရားလမ်း(ရန်ကုန်)နှင့်ထွန်းဦးစာပေ(မန္တလေး)တို့က ဖြန့်ချိကြောင်း သိရသည်။ **(ယာပုံ)** **(က-ပ)**

နောင်ချိုမြို့နယ် ကံကြီးစံပြကျေးရွာ သားဖွားခန်းအတွက် ထာဝရဆေးပဒေသာပင်နှင့် ဆေးပစ္စည်းများလှူဒါန်း

နောင်ချို ဧပြီ ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ် ကံကြီးစံပြကျေးရွာ သားဖွားခန်းအတွက် ထာဝရဆေးပဒေသာပင်ငွေနှင့် အထောက်အကူပြု ဆေးပစ္စည်းများလှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၁၉ရက် မွန်းလွဲ ၁ နာရီက အဆိုပါ ကျေးရွာသားဖွားခန်းတွင်ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဆွေဝင်းက တက်ရောက် အမှာစကားပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းငွေကျပ် တစ်သိန်းနှစ်သောင်းနှင့် ကလေးအနှီးပိတ်စများကိုပေးအပ်ရာ ကံကြီးကျေးရွာ သားဖွားခန်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်နိုင်ထွန်းက လက်ခံရယူသည်။ (အောက်ပုံ)

ဆေးပစ္စည်းပေးအပ်

အစီအစဉ်အရ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ လှူဒါန်းသည့်သားဖွားခန်းသုံး အထောက်အကူပြုဆေးနှင့် ဆေးပစ္စည်းများကို လက်ထောက်ဆရာဝန် ဒေါ်လဲ့လဲ့ကျော်က ပေးအပ်ရာ သားဖွားခန်းတာဝန်ခံဆရာမ ဒေါ်ခင်ဝင်းကြည်က လက်ခံရယူသည်။ ဆက်လက်ပြီး ကျေးရွာနေပြည်သူများက ထာဝရဆေးပဒေသာပင်ငွေများ လှူဒါန်းကြသည်။

အဆိုပါ ကံကြီးစံပြကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ကျေးလက်သားဖွားခန်းတွင် အခမဲ့ မွေးဖွားပေးပြီး ကျန်းမာရေးစောင့်ရှောက်မှု ပေးနေသည့်အတွက် ပတ်ဝန်းကျင် ညံတော၊ ရွှေမုဋ္ဌော၊ နောင်တောနှင့် မျက်ချင်းနု ကျေးရွာအုပ်စုများမှ ကိုယ်ဝန်ဆောင်မိခင်များ လာရောက်မွေးဖွားလျက်ရှိကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မေတ္တာလမ်းအပိုင်း(၃) ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၅ရက်က ကျင်းပစဉ်။ (မြို့နယ် စည်ပင်)

တွံတေးမြို့နယ် ပညာ့အလင်းရောင် စာကြည့်တိုက်ဖွင့် ရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့ရေး ရှင်းလင်းပြောကြား

တွံတေး ဧပြီ ၁၀

တွံတေးမြို့နယ် ပသီကျေးရွာ ပညာ့အလင်းရောင် ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁၅ ရက် နံနက်ပိုင်းက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးတင်မောင်မောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးအေးသောင်းနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းရှင် အတွင်းရေးမှူး ဦးစိုးတင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးက စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးကိုလည်းကောင်း၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းရှင်အတွင်းရေးမှူးက ပညာဒါနဖြည့်ဆည်းရေးတို့ကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ပညာ့အလင်းရောင် ကျေးလက်စာကြည့်တိုက်သို့ မြန်မာနိုင်ငံ ငါးလုပ်ငန်းရှင်အတွင်းရေးမှူးက အဆောက်အအုံ၊ ပရိဘောဂနှင့် ငွေပဒေသာပင် ကျပ်တစ်သိန်း အပါအဝင် စုစုပေါင်း ငွေကျပ် ၁၇ သိန်းကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သောက်သုံးရေ ဖြန့်ဝေနိုင်ရေး ပိုက်သစ်များတပ်ဆင်

မြစ်ကြီးနား ဧပြီ ၁၅

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်စည်ပင်သာယာရေး အဖွဲ့သည် မြို့ပြကျေးလက်နေ ပြည်သူများသန့်ရှင်းသော သောက်သုံးရေ ရရှိရေးဆောင်ရွက်လျက်ရှိရာ မတ် ၂၈ရက်က မြစ်ကြီးနားမြို့ သီတာရပ်ကွက်မလိခနေ ပြည်သူများသန့်ရှင်းသော သောက်သုံးရေ ဖြန့်ဝေနိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ (စက်မှု) ဦးမျိုးအေးလွင်နှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများသည် ဆွေးမြည့်နေသော ရေပိုက်ဟောင်းများ တူးဖော်ဖယ်ရှားပြီး ပိုက်သစ်များဖြင့် ပြန်လည်တပ်ဆင်ဆောင်ရွက်ပေးမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးဆွေ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

မတ် ၂၁ရက်က မန္တလေးတိုင်းမြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးကျော့ချိုမျိုးမြင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်စိုး ရေဝန်းကျေးရွာ တောင်သူဦးမြင့်ဆောင်၏ ကျေးလက်အိမ်ရာ ဆောက်လုပ်ပြီးစီးမှုကို ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

ကျောက်ချောလမ်းတိုးချဲ့

မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးမင်းနိုင်၊ လက်ထောက်အင်ဂျင်နီယာ ဦးမော်လွင်တို့ကြီးကြပ်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဧပြီ ၁ ရက်က ကမ်းနားလမ်းကို ကျောက်ချောလမ်းတိုးချဲ့ခြင်းလုပ်ငန်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

တိုင်းတာစစ်ဆေး

မော်လမြိုင်ကျွန်းမြို့နယ် ဖားမွတ် လျှော်ချောင်းကျေးရွာအုပ်စု ဖားမွတ်–နွားရေကျော် မြေသားလမ်းပြုပြင်ထားရှိမှုကို မတ် ၂၇ ရက်က အမှုဆောင်အရာရှိ ဦးမြင့်မောင် ကွင်းဆင်း တိုင်းတာစစ်ဆေးစဉ်။ (မြို့နယ် စည်ပင်)

တိုက်ကြီးမြို့နယ်တွင် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ ခင်းကျင်းပြသ

တိုက်ကြီး ဧပြီ ၁၂

တိုက်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နှစ်(၆၀) ပြည့် တပ်မတော်နေ့အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ အခမ်းအနားကို မတ် ၃၀ ရက် နံနက် ၉ နာရီခွဲက အိုးတန်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် အဖွဲ့ဝင်(၂) ဦးမြင့်စိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်သီတာဦးက နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲများကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက်အိုးတန်းရပ်ကွက်ဥက္ကဋ္ဌ ဦးမြရွှေက မိမိတို့ရပ်ကွက်အတွင်း မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြပွဲ၊ ပြခန်းနှင့် ဟောပြောပွဲများ လာရောက် ခင်းကျင်းပြသ ပေးသည့်အတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မတ် ၁၂ရက်က သရက်ချောင်းမြို့ မော်ရှည်ကုန်းရပ်ကွက် မြို့အဝင်ဆိုင်းဘုတ်နှင့် လမ်းဆော့ဝဲ/ယာတစ်လျှောက် ပန်းအလှပင်များ ပေါင်းမြက် ရှင်းလင်းခြင်းနှင့် ပန်းအလှပင်များ အစားထိုးစိုက်ပျိုးခြင်းလုပ်ငန်း စုပေါင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးဇော်နိုင်ဦး ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(နယ်စပ်/စည်ပင်)

ဘိုကလေးမြို့နယ်တွင် မြန်မာ့ရိုးရာသက်ကြီးပူဇော်ပွဲကျင်းပ

ဘိုကလေး မေ ၃၀

ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် မြန်မာ့ရိုးရာ သက်ကြီးပူဇော်ပွဲ အခမ်းအနားကို မေ ၁၇ရက် နံနက် ၇နာရီက မြို့လယ်ဓမ္မာရုံ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများက အဘိုး၊ အဘွားများအား ကန်တော့ကြရာ မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အသက်အကြီးဆုံးအသက်(၁၁၀)ရှိ အဘွားဒေါ်စောအား လှူဒါန်းပူဇော်သည်။

(အပေါ်ပုံ)

ပေးအပ်လှူဒါန်း

ထို့နောက် တက်ရောက်လာသည့် လူမှုရေး အသင်းအဖွဲ့များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများက အဘိုး၊ အဘွားစုစုပေါင်း၂၄၇ဦးအား တစ်ဦးလျှင် ငွေကျပ်၂၀၀၀စီ လှူဒါန်းပူဇော်ပြီး၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးယုက ငွေကျပ်တစ်သောင်း၊အမျိုးသမီး စွမ်းဆောင်ရှင်များအသင်းက ငွေကျပ်တစ်သောင်း၊ သုဓမ္မဇောတိကဓာတရောဘွဲ့ရ ဆရာကြီး ဦးအောင်ညွန့်-ဒေါ်ကြင်နုတို့က ငွေကျပ်တစ်သောင်းတို့ကို မြို့နယ်ဥက္ကဋ္ဌသို့ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ပဲခူးတိုင်းအမျိုးသမီးရေးရာအဖွဲ့ ဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲကျင်းပ

ကဝ မေ ၃၀

ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့က အမျိုးသမီးရေးရာအဖွဲ့အကြောင်းသိကောင်းစရာ ရှင်းလင်းဆွေးနွေးပွဲနှင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်းပွဲကို မေ ၂၂ရက်က ကဝမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်စဝ်နွန်းခွန်ဆမ်က အမှာစကားပြောကြားပြီး (အောက်ပုံ) **တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မော်မော်က အမျိုးသမီးရေးရာ အကြောင်း သိကောင်းစရာများ ရှင်းလင်းဆွေးနွေးသည်။**

စာအုပ်လှူဒါန်း

ဆက်လက်၍ တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်စဝ်နွန်းခွန်ဆမ်က ကဝမြို့နယ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များ ပေးအပ်လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မာမာဦးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

နွေရာသီစာဖတ်ဝိုင်း

ယင်းနောက် တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်စဝ်နွန်းခွန်ဆမ်နှင့်အဖွဲ့သည် ကဝမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ဖွင့်လှစ်သည့် နွေရာသီစာဖတ်ဝိုင်းကို ကြည့်ရှုအားပေးကြသည်။ **(အမျိုးသမီးရေးရာ)**

အမြို့မြို့ အနယ်နယ် သတင်းများ

ကျေးလက်စာကြည့်တိုက်သို့ စာအုပ်များလှူဒါန်း

မိုးကောင်း မေ ၂၀

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် ကျေးလက် ပြည်သူများ အသိပညာ ဗဟုသုတ တိုးပွားရေးအတွက် ကုန်းတန်းကြီး ကျေးရွာအုပ်စုရှိ မိုးထက်ကြယ်စာကြည့်တိုက်သို့ စာအုပ်များလှူဒါန်းပွဲကို မေ ၁၀ရက်က ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်က ဝန်ထမ်းများ စုပေါင်းလှူဒါန်းသည့်သုတ၊ ရသစာအုပ်မျိုးစုံ အုပ်ရေ၁၀၀ကို ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဝင်းထံ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(၄၁၆)**



တောင်သာမြို့နယ်မီးဘေးကာကွယ်ရေး အတွက် မြို့နယ်အတွင်းရေးမှူး ဦးမျိုးသန့်၊ မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်နှင့် မြို့ ပေါ်ခြောက်ရပ်ကွက် ဥက္ကဋ္ဌများ မေ ၁ရက်က မြို့ပေါ်ရှိ မီးသတ်ရေ ကန်များကို ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ် ပြန်/ဆက်)

နွေစပါးစိုက်ပျိုးရေးစီမံကိန်း အောင်မြင်ရေး စုပေါင်းထွန်ယက်စိုက်ပျိုး ကန့်ဘလူ၌ ကေနှစ်သောင်းကျော် မြို့နယ်လုံးကျွတ်ထွန်တုံးပိတ်ပြီးစီး

ကန့်ဘလူ မေ ၂၀

ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် နွေစပါးစိုက်ပျိုးရေးစီမံကိန်း အောင်မြင်ရေးအတွက် မြို့နယ်ဥက္ကဋ္ဌ ဦးစိန်မောင်ဝင်းနှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ဒုတိယပတ်မှစပြီး စီမံကိန်းတာဝန်ကျရပ်ကွက်၊ ကျေးရွာအုပ်စုများသို့ ကွင်းဆင်း၍ ဒေသခံတောင်သူလယ်သမားများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် စုပေါင်းထွန်ယက်စိုက်ပျိုးပွဲများ ကျင်းပရာ နွေစပါးစီမံကိန်းဧက နှစ်သောင်းနှစ်ထောင်နှစ်ရာကျော်တို့ကို မေ ၄ရက်က မြို့နယ်လုံးကျွတ် ထွန်တုံးပိတ် စိုက်ပျိုးပြီး ဖြစ်ကြောင်း သိရသည်။

ကန့်ဘလူမြို့နယ် နွေစပါးစိုက်ပျိုးရေးစီမံကိန်း အောင်မြင်စေရေးအတွက် စစ်ကိုင်းတိုင်း ကျွန်းလှမြို့နယ် သဖန်းဆိပ်ဘက်စုံ ရေလှောင်တမံကြီးမှ ဖေဖော်ဝါရီ ၁၅ရက်ကစ၍ ရေလွှတ်ပေးရာ ကင်းတပ်ဆည်ရေသောက် ရပ်ကွက် ကျေးရွာအုပ်စု ၁၉အုပ်စု ကျေးပင်ဘက်ဆည်ရေသောက်ရပ်ကွက် ကျေးရွာ အုပ်စု၁အုပ်စုနှင့် အခြားချောင်းပိတ်၊ မြောင်းပိတ်ရေသောက် ရပ်ကွက်ကျေးရွာအုပ်စု ခြောက်အုပ်စုတို့တွင်ရွှေဘို(၁)မျိုးစပါးကောင်းထောင် သုံးရာကျော် အပါအဝင်နွေစပါး စီမံကိန်းဧက၂၂၂၀၂အောင်မြင်စွာ စိုက်ပျိုးပြီးစီးကြောင်း သိရသည်။

(၀၅၆)

ဝေါမြို့နယ်မြဟောဝန်ပန်းဥယျာဉ်အတွင်း ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့်ပေါင်းမြက်များရှင်းလင်းခြင်းတို့ကို စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်း ဆောင်ရွက်ရာ မေ ၁၈ရက်က အမှုဆောင်အရာရှိ ဦးစောရွှေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်အောင်ဌေးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ် စည်ပင်)

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနား ရမည်းသင်းခရိုင်၌ကျင်းပ

ရမည်းသင်း မေ ၁၈

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို မတ် ၂၈ ရက်က ရမည်းသင်းခရိုင် ပြည်သူ့ဆေးရုံ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်က အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာ ကျော်မြင့်၏သဝဏ်လွှာကို ခရိုင်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ လှထွန်းကဖတ်ကြားကာ ၂၀၀၄ခုနှစ် ဆေးတိုက်ကျွေးဆောင်ရွက်မှု အကောင်းဆုံးပထမ၊ဒုတိယနှင့် တတိယဆုရရှိသူ သုံးဦးအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဌေးက ဆုများချီးမြှင့်သည်။

ပညာပေးဟောပြော

ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို မေ ၇ရက်က ရမည်းသင်းမြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး၏ သဝဏ်လွှာကိုဖတ်ကြားခြင်း၊ မိခင်နှင့်ကလေးကျန်းမာရေး အကြောင်း သိကောင်းစရာနှင့် ကျန်းမာရေးပညာပေး ဟောပြောခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြေခင်းအလှပြုပြင်

သာယာဝတီမြို့နယ်တွင် မြို့သန့်ရှင်းသာယာလှပရေးအတွက် ရုံးရှေ့ရေနုတ်မြောင်းရှင်းလင်းခြင်းနှင့်မြေခင်းအလှပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းများကို မေ ၂၄ရက်က စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးဖေအောင်သူက ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

အလိုတော်ပြည့်ကျောင်းတိုက်ဗောဓိသုခလေးထပ်ကျောင်းတော်ကြီး ရေစက်ချလှူဒါန်းပွဲ အခမ်းအနားကျောက်ပန်းတောင်း၌ကျင်းပ

ကျောက်ပန်းတောင်း မေ ၁

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် မဟာအောင်မြေရတနာ စာသင်တိုက် (အလိုတော်ပြည့်) ကျောင်းတိုက်တွင် ကျပ်သိန်းလေးထောင်ကျော်ဖြင့် ဆောက်လုပ်ပြီးစီးသော ဗောဓိသုခ လေးထပ်ကျောင်းတော်ကြီး ရေစက်ချ လှူဒါန်းပွဲ အခမ်းအနားကို ဧပြီ၂၇ရက် နံနက်က ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် သန်းထွန်း၊ အလှူရှင် ဦးမျိုးခင်နှင့် မဟာအောင်မြေ ရတနာစာသင်တိုက် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသန်းစိန် (မွှာစရိယ)တို့က လေးထပ်ကျောင်းတော်ကြီးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

ဆက်ကပ်လှူဒါန်း

ထို့နောက် အလှူတော်ရေစက်ချလှူဒါန်းပွဲ အခမ်းအနားကို ကျောင်းတော်ကြီး မြေညီထပ်၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကုမာရ (မကွေးဆရာတော်ကြီး) ထံမှ ငါးပါးသီလခံယူကြပြီး နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် သန်းထွန်းနှင့် အလှူဒါယကာ ဒါယိကာမတို့က ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အမျှပေးဝေ

ဆက်လက်၍ မဟာအောင်မြေရတနာစာသင်တိုက် ဆွမ်းပဒေသာပင်နှင့် လှူဖွယ်ပစ္စည်းများအတွက် ကျပ် ၁၀သိန်းလှူဒါန်းသူ သုံးဦး၊ ကျပ် ငါးသိန်းလှူဒါန်းသူသုံးဦး တို့က လှူဒါန်းကြရာ သက်ဆိုင်ရာတာဝန်ရှိသူတို့က လက်ခံ ရယူပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ကြကာ လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သိရသည်။ **(ဝဇေ)**

ပခုက္ကူမြို့နယ်မျက်စိဝေဒနာရှင်များအားထောက်ပံ့ငွေပေးအပ်

ပခုက္ကူ ဧပြီ ၁၂

ပခုက္ကူမြို့ အထွေထွေရောဂါကုဆေးရုံကြီး မျက်စိခွဲစိတ်ကုသဆောင်၌ ပခုက္ကူမြို့နယ်အတွင်းရှိ ကျေးရွာများမှ မျက်စိဝေဒနာရှင် ရှစ်ဦးတို့အား ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ချိုချိုဝင်း၊ မြို့နယ် အသင်းဥက္ကဋ္ဌ ဒေါ်ဥမ္မာအောင်နှင့် အသင်းဝင်များသည် မတ် ၁၁ ရက်က ခွဲစိတ်ကုသခံယူပြီးသော မျက်စိဝေဒနာရှင်များအား တွေ့ဆုံအားပေးစကား ပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်ကြသည်။ **(အောက်ပုံ)**

ဆောင်ရွက်ပေး

ထောက်ပံ့ငွေများ ပေးအပ်ရာသို့ ဆေးရုံအုပ်ကြီး ဒေါက်တာဦးဌေး၊ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဦးကြည်လွင်ဦးနှင့် ကျန်းမာရေးဝန်ထမ်းများက လိုအပ်သော ကူညီမှုများ ဆောင်ရွက်ပေးကြသည်။

(၄၁၃)

ပုသိမ်မြို့ အမှတ်(၃)ရပ်ကွက် သိမ်တော်ကြီးလမ်း ဇေယျဝံသ ပရိယတ္တိ စာသင်တိုက်ရှိ ကရုဏာ လူမှုကူညီရေးအသင်းသို့ ဆေးပဒေသာပင်အတွက် ပုသိမ်ပညာရေးကောလိပ်မှ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများက လှူဒါန်းသော ငွေကျပ် နှစ်သိန်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်စီစီက ပေးအပ်လှူဒါန်းရာ အသင်းတွဲဖက်အတွင်းရေးမှူးဦးတင်အုန်းက လက်ခံရယူစဉ်။ (က-ပ)

ရမ်းဗြဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ကိုယ်ရံတောင်လမ်းနှင့် ဦးမြဝါလမ်းခွဲ ကတ္တရာခင်းခြင်းလုပ်ငန်းကို မတ် ၂၅ရက်က အမှုဆောင်အရာရှိ ဦးသာအေးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) (မြို့ပြ)ဦးစိန်ရွှေမောင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဒိုက်ဦးမြို့တွင် ရွှေပိမာန်စာကြည့်တိုက်ဖွင့် သုတ၊ ရသစာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

ဒိုက်ဦး မေ ၁

ဒိုက်ဦးမြို့နယ် ကုက္ကိုင်းကျေးရွာအုပ်စု ရွှေညောင်ပင်ကျေးရွာ၌ ရွှေပိမာန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဧပြီ ၂၈ရက် နံနက် ၈နာရီက အဆိုပါကျေးရွာရုံး၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်စိန်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ခင်စန်းဦးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးတင်မောင်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူးက စာကြည့်တိုက်ရေရှည်တည်တံ့ရေးအတွက် စာအုပ်ထိန်းသိမ်းနည်းတို့ကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက လှူဒါန်းသော သုတ၊ ရသစာအုပ်များနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လှူဒါန်း သော သုတ၊ ရသစာအုပ်များအပါအဝင် စုစုပေါင်း ၁၇၅အုပ်ကို မြို့နယ် ဥက္ကဋ္ဌဦးမြင့်စိန်က ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌက လက်ခံရယူ ကြောင်း သိရသည်။ **(အောက်ပုံ)** **(မြို့နယ်ပြန်/ဆက်)**

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ်(၂) အခြေခံပညာမူလတန်း ကျောင်း ၂၀၀၄-၂၀၀၅ခု ပညာသင်နှစ် မူလတန်းဆင့် ပညာသင်ယူပြီး မြောက်ခြင်းလက်မှတ်ပေးအပ်ပွဲကို ဧပြီ ၂၂ ရက် က ကျင်းပရာကျောင်း အုပ်ဆရာမကြီး ဒေါ်မြင့်မြင့်စိန်က မစောနန်းစံအား သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။
(မြန်မာ့အလင်း)

မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကမ္ဘာ့ကျန်းမာရေးနေ့ ပညာပေးဟောပြော

ကျောက်ဆည် ဧပြီ ၂၀

ကျောက်ဆည်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ကမ္ဘာ့ကျန်းမာရေးနေ့ဆောင်ပုဒ် ဖြစ်သော "မိခင်ရင်သွေးကျန်းမာမှ လူ့ဘောင်ဘဝ စဉ်လှပ၊ လူတိုင်းပါဝင် စောင့်ရှောက်ကြ"ဆောင်ပုဒ်နှင့်အညီ ကျန်းမာရေး ပညာပေးဟောပြောပွဲကို ဧပြီ၇ရက် နံနက် ၉နာရီက လက်ပန်ပင်ကျေးရွာအခြေခံပညာ မူလတန်း ကျောင်းဆောင်တွင် ကျင်းပရာ လက်ပန်ပင်ကျေးရွာ၊ မယ်ဇယ်ပင်ကျေးရွာ နှင့် မြောင်းဦးကျေးရွာတို့မှ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးမိခင်များ တက်ရောက်ကြသည်။

ဟောပြော

အခမ်းအနားတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝင်းမေက အမှာစကား ပြောကြား ပြီး တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်ဝင်းကြည်က ကမ္ဘာ့ကျန်းမာရေးနေ့ ဆောင်ပုဒ်ဖြင့် ဟောပြောပြီး အမှုဆောင်များ ဖြစ်ကြသော ဒေါ်ခင်မလေး၊ ဒေါ်အေးအေးမြင့်နှင့်ဒေါ်မရစ်ထု တို့က ကျန်းမာရေးဆိုင်ရာများ ပညာပေး ဟောပြောကြသည်။

ထို့နောက်မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါ်ဝင်းမေက ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်အားဆေးများ ဝေငှ ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စာပေနှင့်စာနယ်ဇင်း)

မြေစာရင်းလုပ်ငန်းဆိုင်ရာများ ညွှန်ချုပ်ကြည့်ရှုစစ်ဆေး

ခင်ဦး ဧပြီ ၁၈

ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်၊ စစ်ကိုင်းတိုင်း ဒုတိယညွှန်ကြားရေးမှူး ဦးအေးကျော်နှင့် ရွှေဘိုခရိုင် လက်ထောက် ညွှန်ကြားရေးမှူး ဦးဇော်မင်းတို့သည် ဧပြီ ၆ရက် နံနက် ၁၀နာရီက ခင်ဦးမြို့နယ် ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းဇော်နှင့် ဝန်ထမ်းများ တွေ့ဆုံ၍ မြေစာရင်း လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

မြန်မာ့အသံ

၅-၅-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရဆရာတော်ကြီး၏ ရတနသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (ရှမ်းပြည်နယ်တောင်ပိုင်း ငါးလုပ်ငန်းဦးစီးဌာန၏ ဆောင်ရွက်မှုများ အပိုင်း-၂)
၁၁:၃၅ စာအုပ်စာပေလူ့မိတ်ဆွေ (၁) ဘုရားဖူးသွားကြမယ် (ကိုကို-သုတေသန) (၂) ပြောပြစမ်းချင် နီပေါတစ်ခွင် (ကမ္ဘာလှည့်တင်တင်စိန်)
၁၂:၀၀ သိပ္ပံပညာသိကောင်းစရာ (အာဟာရနှင့် အသက်ရှည်ရေး-မောင်ဆုရှင်)
၁၂:၃၀ အစာနှင့်အာဟာရ (လက်ပံပွင့်နှင့် လက်ပံခေါင်း)

ညနေပိုင်း

၁၆:၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၇:၀၀ တပ်မတော်စာတိုက်
၁၉:၁၅ ဓာတ်လမ်းပမာနားဆင်စရာ (မွန်မြတ်သောနှလုံးသား)
၁၉:၄၅ နှောင်းတေးထံတျာ

အလုပ်ရုံဆိုင်းဘုတ် စက်ခလုတ်နှိပ် ဖွင့်လှစ်

မေ ၃ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပဲခူးမြို့နယ်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန အင်းတကော်စက်မှုနယ်မြေ သံရည်ကျို တိုးချဲ့အလုပ်ရုံဖွင့်ပွဲ အခမ်းအနားတွင်အလုပ်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်း-၃)(သတင်းစဉ်)

မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးသည် လူမှုရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများမှတစ်ဆင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အားပေးထောက်ကူနိုင်စေရေး အောင်မြင်ထိရောက်စွာ ဆောင်ရွက်လျက်ရှိ အသင်းကြီး၏ပင်မတာဝန်များနှင့်အညီ မိသားစုဘဝ လုံခြုံအေးချမ်းပြီး အဆင့်အတန်းမြင့်မားရေး ကြိုးပမ်း

ရန်ကုန် မေ ၃

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ **အမှာစကားပြောကြားသည်။**

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုကောင်စီဝင်များ၊ ဂုဏ်ထူးဆောင်နာယကကြီးများ၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ *စာမျက်နှာ ၅ ကော်လံ ၁* ●

နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး တီလားပီးယားငါးမျိုးကောင်းမျိုးသန့်များ စနစ်တကျမွေးမြူ

သတင်းဆောင်းပါး-စိန်ရွှေလှိုင်၊ ဓာတ်ပုံ-ရွှေထူး(သတင်းစဉ်)

ရန်ကုန် မေ ၃

မြန်မာလူမျိုးများ နောက်ဆုံးပေါ် မျိုးကောင်းမျိုးသန့် တီလားပီးယား ငါးမျိုးသစ်ကို မွေးမြူစားသုံးစေခြင်းဖြင့် ထူးကဲသော အရသာသိရှိပြီး နှစ်ခြိုက်လက်ခံအစာဖြစ်စေရန်၊ ကျေးလက်ဒေသနေ တောင်သူလယ်သမားများ တစ်နိုင်တစ်ပိုင် နိုင်ငံအနှံ့မွေးမြူနိုင်သော ငါးမျိုးဖြစ်သောကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုစေရန်၊ တီလားပီးယားငါး မျိုးကောင်းမျိုးသန့် စနစ်တကျ မွေးမြူခြင်းအားဖြင့် မြန်မာနိုင်ငံ၏ရေချိုငါးမွေးမြူရေးလုပ်ငန်း တိုးတက်ဖြစ်ထွန်းလာစေရန်၊ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နေသော တီလားပီးယားငါး မျိုးကောင်းမျိုးသန့် အများအပြားမွေးမြူကာ နိုင်ငံတကာတင်ပို့ရောင်းချ၍ နိုင်ငံခြားငွေရရှိရန်စသော ရည်ရွယ်ချက်များဖြင့် ဧပြီ ၃၀ရက် ညနေက အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးနှင့် ဆေးဝါးစက်ရုံလမ်းထောင့်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်း အဖွဲ့ချုပ်တွင် တီလားပီးယားငါးဈေးပွဲတော်(၂၀၀၅)ကို ဧပြီ ၃၀ရက်က ဖွင့်လှစ်ခဲ့သည်။

ဖွင့်ပွဲမစမီကပင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အဆောက်အအုံရှေ့တွင် တီလားပီးယားငါးပွဲ စိတ်ဝင်စားကြသော လူပရိသတ်ကြီးသည် တိုးမပေါက်အောင်ပင် ဖြစ်နေပြီး ဖွင့်လှစ်ပြီး ညနေပိုင်းတွင် တီလားပီးယားငါး ဝယ်သူများ၊ ငါးကင်ဝယ်သူများ၊ တီလားပီးယားငါးဖြင့်ပြုလုပ်ထားသောစားသောက်ဖွယ်ရာဝယ်ယူစားသောက်သူများဖြင့် အထူးစည်ကားလှသည်။

မြန်မာနိုင်ငံတွင် ပထမဆုံး ကျင်းပပြသသော တီလားပီးယားငါးဈေးပွဲတော်သည် သတင်းမီဒီယာများက ကြိုတင်လှုံ့ဆော်ဖော်ပြခဲ့ကြသဖြင့် ပြပွဲစတင် *စာမျက်နှာ ၁၁ ကော်လံ ၁* ❒

မျိုးကောင်းမျိုးသန့် အာဟာရပြည့်ဝ နိုင်ငံခြားငွေရရှိသည့် တီလားပီးယားငါး များအား တွေ့ရစဉ်။

ဓာတ်ပုံ-ရွှေထူး(သတင်းစဉ်)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကင်းမင်းဆက်က ပန်းအိုး

တရုတ်ရှေးဟောင်းပန်းအိုးတစ်လုံးကို ဝန်ထမ်းတစ်ဦးကပြသနေစဉ်။ **(ယာပုံ)**

အဆိုပါပန်းအိုးသည် ရှေးဟောင်းတရုတ်နိုင်ငံ ကင်းမင်းဆက်က အသုံးပြုခဲ့သော ရှေးဟောင်းပန်းအိုးတစ်လုံးဖြစ်ပြီး တရုတ်တို့၏ ရှေးခေတ်လက်ရာမြောက် အနုပညာလက်ရာများဖြင့် မွမ်းမံပြုလုပ်ထားရာ အမေရိကန်ဒေါ်လာ ၅ဒသမ၇သန်း တန်ဖိုးရှိကြောင်း သိရသည်။

(အင်တာနက်)

ရှေးအကျဆုံး ဒိုင်နိုဆောဦးခေါင်းခွံ

ဒိုင်နိုဆောသတ္တဝါတို့၏ ရှေးအကျဆုံး ဦးခေါင်းခွံတစ်ခုကို တွေ့ရစဉ်။**(အောက်ပုံ)**

အဆိုပါဦးခေါင်းခွံကို တောင်ဒါကိုတာဒေသတွင် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ပြီး ပြားနေသော ပုံသဏ္ဌာန်ရှိကာ ဒိုင်နိုဆောသတ္တဝါတို့၏ ရှေးအကျဆုံးဦးခေါင်းခွံတစ်ခုဖြစ်ပြီး ဒိုင်နိုဆောသတ္တဝါတို့နှင့်ပတ်သက်သည့် အရိုးစုအထောက်အထားများအနက် သက်တမ်းအရင့်ဆုံးဖြစ်ကြောင်း သုတေသနပညာရှင်များက မှတ်ချက်ပြုထားသည်။

(ရိုက်တာ)



4-5 (20).p65 1 3/24/05, 8:45 PM